မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်များ အဖွဲ့ချုပ် သတင်းဂျာနယ်

# the CBCM Herald

သင်တို့တွင် အကြီးမြတ်ဆုံးသော သူသည် အငယ်ဆုံးကဲ့သို့ ဖြစ်စေရမည်။ ဦးဆောင်သော သူသည် အစေခံကဲ့သို့ ဖြစ်ရမည်။

ရှင်မာကု ၁၆း၁၅

နိုဝင်ဘာလ ၂၀၁၉ ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၄) အမှတ် (၁၁)


## ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကာဒီနယ်အသစ် ၁၃ ပါးတင်မြှောက်ခြင်း

စာ - ၄





## အာမေဇုန် ဆီးနိုတ်

စာ - ၅




## ပဲခူးရိုးမပေါ်က ကျောက်ဖြူမယ်တော် ငွေရတုပွဲတော်ဆီသို့

စာ - ၂၃



## ဖါသာရ် လုကာ့စ် ဒေါင်ဇယ် (SDB) အား လားရှိုးဂိုဏ်းအုပ် သာသနာ၏ အရိုက်အရာ ဆက်ခံခွင့်ရှိသော ဆရာတော်အဖြစ် ခန့်အပ်





ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ဆလေးရှင်းအသင်းဂိုဏ်းဝင် ဖါသာလုကာ့စ် ဂျင်ဖေါက် ဒေါင်ဇယ်အား မြန်မာပြည် လားရှိုးဂိုဏ်းအုပ်သာသနာ၏ အရိုက်အရာ ဆက်ခံခွင့်ရှိသော ဆရာတော် (Coadjutor Bishop) အဖြစ် ခန့်အပ်ကြောင်း ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကြေငြာချက် ထုတ်ပြန်ခဲ့သည်။

ဖါသာလုကာ့စ်အား ၁၉၆၂ ခု အောက်တိုဘာလ ၁၇ ရက်နေ့တွင် လားရှိုးသာသနာအတွင်းရှိ ကျောက်မဲမြို့နယ် ဖါဖိန့်ကျေးရွာ၌ ဖွါးမြင်ခဲ့သည်။

ဖာဖိန့်ရွာ၊ ကျောကိမဲမြို့နှင့် အနီးစခန်းတွင် အခြေခံအတန်းပညာများ ဆည်းပူးခဲ့သည်။ ရန်ကုန် အဝေးသင်တက္ကသိုလ်မှ သမိုင်းအထူးပြုဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ အတယ်နေအို တက္ကသိုလ်တွင် မိသားစု တမန်တော်လုပ်ငန်း ဒီပလိုမာ ကိုလည်းကောင်း အာရှ လူမှုရေးရာ ကျောင်းတော်ကြီးမှ သိုးထိန်းလုပ်ငန်းဆိုင်ရာ လူမှုရေး ဘာသာရပ်ဖြင့် မဟာဝိဇ္ဇာ ဘွဲ့ ကိုလည်းကောင်း ရရှိခဲ့သည်။

၁၉၇၉ ခုနှစ်တွင် နာဇရက် ဆလေးရှင်း ရဟန်းဖြစ်သင်ကျောင်းသို့ ဝင်ရောက်ခဲ့သည်။ ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဆလေးရှင်း ကိုရင် တစ်ပါးအဖြစ် ပထမ သစ္စာခံယူခဲ့သည်။

စာမျက်နှာ ၁၄ သို့

## အယ်ဒီတာ့ အာဘော်

### အာရှတိုက် ကက်သလစ် သာသနာတော်

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အာရှနိုင်ငံများ ဖြစ်သည့် ထိုင်းနှင့် ဂျပန် နိုင်ငံများသို့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၉ ရက် မှ ၂၆ ရက်အထိ သိုးထိန်း ခရီးစဉ် ကြွရောက်မည့် အကြောင်း စက်တင်ဘာလ ၁၃ ရက်နေ့က ဗာတီကန်မှ သတင်း ထုတ်ပြန်ခဲ့သည်။ ဤခရီးစဉ်သည် ပုပ်ရဟန်းမင်းကြီး၏ စတုတ္ထမြောက် အာရှခရီးစဉ်ဖြစ်သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ တွင် တောင်ကိုးရီးယား သို့လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇန္နဝါရီလတွင် သီရိလင်္ကာ နှင့် ဖိလစ်ပိုင် နိုင်ငံများသို့လည်းကောင်း၊ ၂၀၁၇ ခု နိုဝင်ဘာလတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလာဒေ့ရှ် နိုင်ငံများသို့ ကြွရောက်ခဲ့သည်။

ယခုနှစ်သည် ထိုင်းနိုင်ငံတွင် ကက်သလစ်သာသနာတော် ထူထောင်ခြင်း ၃၅၀ နှစ်ပြည့် အထိမ်းအမှတ် ကျင်းပနေချိန်လည်း ဖြစ်သည်။ ၁၆၆၉ ခုနှစ်တွင် စီအမ်သာသနာနယ်ကို သတ်မှတ်ထူထောင်ခဲ့သည်။ ထိုင်းနိုင်ငံ၏ ကက်သလစ် လူဦးရေမှာ ၃၈၀၀၀၀ ခန့်သာရှိပြီး နိုင်ငံတစ်ခုလုံး၏ ၀.၄၆ ရာခိုင်နှုန်းသာရှိသည်။ ဂျပန်နိုင်ငံတွင်လည်း ကက်သလစ်လူဦးရေမှာလည်း ထိုရာခိုင်နှုန်းအောက်တွင်သာ ရှိပြီး ၅ သိန်းခန့်ရှိသည်။ ယုံကြည်ခြင်းအတွက် နှိပ်စက်ညှဉ်းပန်းခြင်းများကို ကြာမြင့်စွာခံခဲ့ရသည်။ ထိုသူများအထဲတွင် ၁၅၉၇ တွင် ကားတိုင်တင် အသတ်ခံခဲ့ရသော ပေါလ်မီကီနှင့် အပေါင်းပါ ၂၅ ယောက်တို့အား ၁၈၆၂ ခုနှစ်တွင် ရဟန္တာအဖြစ် တင်မြှောက်ခဲ့သည်။ ထိုညှဉ်းပန်းနှိပ်စက်ခြင်းများ နောက် နှစ်ပေါင်း ၂၀၀ ကျော် သာသနာပြုများ မရှိကြသော်လည်း ယုံကြည်ခြင်းမှာ ဆက်လက်ရှင်သန်နေခဲ့သည်။

ကက်သလစ် ဘာသာဝင် အနည်းငယ်သာရှိသော နိုင်ငံများသို့သွားရောက်သော ခရီးစဉ်များ၏ ရည်ရွယ်ချက်များထဲမှ တစ်ခုမှာ ဘာသာဝင်တို့၏ယုံကြည်ခြင်းကို ခိုင်မြဲစေရန်ဖြစ်သည်ဟု ရဟန်းမင်းကြီးက ရှင်းလင်းစွာထုတ်ဖော်ပြောကြားခဲ့သည်။

အာရှတိုက်သည် ကမ္ဘာပေါ်ရှိ ဘာသာကြီးများ မွေးဖွါးရာဒေသဖြစ်သလို ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများစွာ ပေါင်းစည်းရှင်သန်သောနေရာလည်း ဖြစ်သည်။ မြန်မာနိုင်ငံ တစ်ခုတည်းမှာပင် လူမျိုးစုပေါင်းများစွာရှိနေသည်။ အာရှတိုက်တစ်ခုလုံးဆိုပါလျှင် မည်မျှများပြားမည်ကို မှန်းဆနိုင်သည်။ အာရှတိုက်၏ အခြားသော ကြင်အန်လက္ခဏာမှာ ဆင်းရဲ မွဲတေခြင်း ဖြစ်သည်။ ကမ္ဘာပေါ်တွင် လူဦးရေ အများဆုံး အထူးသဖြင့် လူငယ်ရာခိုင်နှုန်း အလွန်မြင့်သော ဒေသတစ်ခု ဖြစ်သဖြင့် လူ့အရင်းအမြစ်ကြွယ်ဝသော တိုက်တစ်တိုက်လည်း ဖြစ်သည်။ အာရှတိုက်၏ အနေအထားသည် ခရစ်တော်၏ သတင်းကောင်းကို ဖြန့်ဝေရန် အလွန် လိုအပ်နေသော ဒေသတစ်ခုဖြစ်သည်။

အာရှကက်သလစ်ဆရာတော်ကြီးများ ညီလာခံမှ အာရှ ကက်သလစ်သာသနာ အနေနှင့် တွေ့ဆုံပြောဆိုဆွေးနွေးခြင်း သုံးခုကို မီးမောင်းထိုးပြထားသည်။ ထိုအရာများမှာ ဆင်းရဲခြင်းနှင့် တွေ့ဆုံပြောဆို ဆွေးနွေးခြင်း၊ ဘာသာတရားများနှင့် တွေ့ဆုံပြောဆို ဆွေးနွေးခြင်း၊ ဓလေ့ထုံးစံများနှင့် တွေ့ဆုံပြောဆို ဆွေးနွေးခြင်း တို့ဖြစ်သည်။ ထိုအချက်များအပေါ်မူတည်၍ အာရှ ကက်သလစ် သာသနာတော်သည် ဒေသတွင်း ဧဝံဂေလိ သတင်းကောင်းမျှဝေခြင်းကို ပြုလုပ်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ တွေ့ဆုံပြောဆိုဆွေးနွေးခြင်းများ နှင့် ယဉ်ကျေးမှု အပြန်အလှန်ရောယှက်ခြင်းတို့ ပြုလုပ်ကြရမည်။

အထူးသဖြင့် အာရှတိုက်အတွင်း ဧဝံဂေလိတရားအပေါ်အခြေခံသော တန်ဘိုးထားတတ်မှုများ၊ စိတ်နေစိတ်ထားများ၊ ကျင့်ကြံနေထိုင်ခြင်းများ ဖန်တီးပေးရန် ယုံကြည်ခြင်းကို လက်ခံထားသူ ခရစ်ယာန်တိုင်းက လုပ်ဆောင်ကြရမည်။ သတင်းကောင်းမျှဝေခြင်းဆိုရာ၌ သူတပါးအပေါ် ဘာသာအယူဝါဒ လွှမ်းမိုးရန်မဟုတ်ဘဲ ခရစ်တော်အားဖြင့် သိခွင့်ရခဲ့သော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို တပါးသူတို့နှင့် မျှဝေပေးခြင်းသာဖြစ်သည်။ ထို့ကြောင့် သတင်းကောင်း ဖြန့်ဝေခြင်းကို ချုပ်ကိုင် လွှမ်းမိုခြင်းနှင့် ရောယှက်မနေစေဘဲ ဘုရားသခင်၏ မေတ္တာတော် လူသားများအကြား စိမ့်ဝင်ပြန့်ပွါးရေးသာဖြစ်သည်ကို စိတ်စွဲထားကြရမည်။

ခရစ်တော်အကြောင်းကို ဟောကြားသူ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် တူရန်လိုသည်။ မေတ္တာတရားကို ဟောကြားလိုသော ကျွန်ုပ်တို့သည် မေတ္တာပြည့်ဝရန်လိုသည်။ ကယ်တင်ခြင်းသတင်းကောင်းကို ဝေမျှမည့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရပြီးသူများဖြစ်ကြောင်း သူတပါးတို့ရှေ့တွင် သက်သေခံနိုင်ရမည်။ အာရှကက်သလစ်သာသနာသည် အာရှသားများအပေါ် ပုံသက်သေကောင်း ပြနိုင်ပါမှ သာသနာတော်၏သတင်းစကားသည် ယုံကြည်လက်ခံဖွယ်ရာ ဖြစ်ပေမည်။

အာရှ ကက်သလစ် သာသနာဖြစ်သော ကျွန်ုပ်တို့သည် ကိုယ်တိုင် ရှင်သန်နေထိုင်ကျင့်ကြံမှု ပုံစံများဖြင့် တပါးသူတို့အား သတင်းကောင်း မျှဝေကြပါစို့။

## ၂၀၁၉ ခု နိုဝင်ဘာလ အတွက် ပုပ်ရဟန်းမင်းကြီး၏ ဆုတောင်းမေတ္တာ ရည်ရွယ်ချက်

အမျိုးမျိုးသော ဘာသာတရားများ အတူရှင်သန်ရာ အနီးပါးအရှေ့တိုင်းနိုင်ငံများတွင် ဆွေးနွေးပြော ဆိုခြင်း၊ တွေ့ဆုံခြင်း၊ ရင်ကြားစေ့ခြင်း စိတ်ထား ပေါ်ထွန်းနိုင်ပါမည့်အကြောင်း

That a spirit of dialogue, encounter, and reconciliation emerge in the Near East, where diverse religious communities share their lives together.



## သေလွန်ပြီးသောသူတို့အတွက် ဆုတောင်းခြင်း

သေလွန်သောသူတို့အတွက် ဆုတောင်းခြင်းကို အဦးဆုံးတွေ့ရသော ကျမ်းပိုဒ်မှာ မက္ကာဘိသမိုင်း ဒုတိယစောင် ၁၂း၃၈-၄၆ တွင် တွေ့ရသည်။ ဘာသာပလူတို့၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသောသူများ အတွက် ဂျေရုဆလင် ဗိမာန်တွင် ယဇ်ပူဇော်ခြင်းပြုလုပ်ပြီး ဆုတောင်းပေးခဲ့ကြသည်။

ဓမ္မသစ်ကျမ်း တိမောသေ ဩဝါဒစာ ဒုတိယစောင် ၁း၁၈ တွင် ရှင်ပေါလုက သေဆုံးသွားသော အော်နေဆူဖေါရုစ် အတွက်ဆုတောင်းပေးခဲ့သည်။ အေဒီ ၂၁၁ တွင် ရေးသားခဲ့သော တက်တူးလီးယန်း၏ စာပေများ၌ သေလွန်သောသူများအတွက် ဆုတောင်းမေတ္တာကို တွေ့ရသည်။ ၁၆ ရာစုနှစ်တွင် ကက်သလစ်များနှင့် ပရိုတက်စတင့်များအကြား ငရဲငယ်အကြောင်း၊ သေလွန်သူတို့အတွက် ဆုတောင်းခြင်းအကြောင်းနှင့်စပ်လျဉ်း၍ ငြင်းပွါးမှုများ ရှိခဲ့သည်။ ၁၅၆၃ ခုနှစ် ထရန့်ကောင်စီ အစည်းအဝေးကြီးက ငရဲငယ်ရှိကြောင်း ကွယ်လွန်သူတို့အတွက် ဆုတောင်းခြင်းကို ပြုအပ်ကြောင်းသင်ကြားခဲ့သည်။ သို့သော် နည်းလမ်းမကျသော အယူသည်းခြင်းများကို ရှောင်ရှားရန် သတိပေးခဲ့သည်။

ရဟန္တာဩဂုတ်စတင်းသည်လည်း ကွယ်လွန်သူ မိခင်အတွက်ဆုတောင်း ခဲ့သည်။ အသင်းတော်၏ ကနဦး မစ္ဆားပူဇော်ခြင်းတွင်လည်း ကွယ်လွန်သူတို့အတွက် ဆုတောင်းမေတ္တာပါရှိသည်။

နိုဝင်ဘာလတွင် ကွယ်လွန်သူတို့အတွက် အထူး သတိရဆုတောင်းကြပါစို့။


ထုတ်ဝေခွင့်အမှတ်
၀၁၇၂၅

နာယက
ဆရာတော် ပီတာလွီစ် ကျာခူ

အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ
ဖာသာရ် မာရီယာနို စိုးနိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

ဒီဇိုင်း၊ ဖွဲ့စည်းပုံ
ဖါသာရ် စိုးနိုင် ၊ ရှိစ့်မေရီ

အတိုင်ပင်ခံများ
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

ဖြန့်ချီရေးတာဝန်ခံများ
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

ပုံနှိပ်တိုက်
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။

ငွေလွှဲရန်
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅

ဆက်သွယ်ရန်
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

# ဧဝံဂေလိ သတင်းကောင်း ဖြန့်ဝေခြင်း

သီကိုရှင်း



ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လူထုပရိသတ်အား ဘုရားစကားသင်ကြားရာတွင် ကမ္ဘာလောကကြီးထဲမှာ ဆက်လက်ရှင်သန်နေတဲ့ ဧဝံဂေလိခရီးကို ဝေမျှ သွန်သင်တော်မူခဲ့ပါတယ်။ ကျမ်းပြုပုဂ္ဂိုလ် ရှင်လူကားက ဧဝံဂေလိ ခရီးရဲ့ အသီးအပွင့် အကျိုးဖြစ်ထွန်းမှုတွေနဲ့ခရစ်ယာန်အဖွဲ့အစည်းတွေကြားမှာ တွေ့ရတဲ့ ပြဿနာအချို့ကို ရေးသားဖော်ပြထားတယ်။ အစကနဦးကတည်းက ပြဿနာဆိုတာရှိပြီးသား။ အယူလွဲမှားမှုတွေ၊ ဒိဋ္ဌိဝါဒတွေနဲ့ အစွန်းနှစ်ဖက်ကြားမှာ ဟန်ချက်ညီအောင် ဘယ်လိုလုပ်ရမလဲ။

ရှေးဦးခရစ်ယာန် အဖွဲ့အစည်းလေးက ဟီဘရူးလူမျိုးတင်မက ကွဲပြားနေတဲ့ ဂျူးလူမျိုးတွေကိုပါ ကြိုဆိုလက်ခံခဲ့တယ်။ လူမျိုးခြားတွေရဲ့ ယဉ်ကျေးမှုတွေ ဘာသာတရားထုံးတမ်းတွေကအစ လက်ခံပေးနိုင်ခဲ့တယ်။ သူတို့ကိုဘာသာပ လူမျိုးခြားလို့ ခေါ်ဆိုကြတယ်။ ဘာသာပတွေကအစ ကြိုဆို လက်ခံပေးခဲ့တယ်။ ဒီလို ဝေမျှလက်ခံနိုင်ခြင်းကိုက ကွဲလွယ် ထိလွယ် မတူညီမှု တင်းမာမှုတွေကြား ဟန်ချက်ညီအောင် ထိန်းပေးနိုင်ခဲ့တာပဲ။ ဂျုံစပါးတွေကြားမှာ ပေါင်းပင်တွေဆိုတာရှိတယ်။ ပေါင်းပင်ကဂျုံပင်ထက် ဦးစွာပေါက်တယ်။ မကျေနပ် လက်မခံနိုင်ခြင်းတွေ၊ အကောင်းမပြောအတင်းတုပ်ခြင်းတွေ၊ ညည်းညူပြစ်တင်ခြင်းတွေ စုံလို့ပေါ့။

တမန်တော်ကြီးတွေက သေချာလေ့လာ ဆန်းစစ်နိုင်ခဲ့လို့ပဲ တော်တော့တယ်။ အခက်ခဲ ပြဿနာကိုလည်း မြင်ခဲ့၊ ပြဿနာရဲ့ အဖြေကိုလည်း အတူတကွ ရှာနိုင်ခဲ့တယ်။ တာဝန်တွေကို အတူမျှဝေယူကြတယ်။ အသင်းတော်ရဲ့ ခန္ဓာကိုယ်ကြီးကို အဖက်ဖက်ကနေ ရှင်သန်ကြီးထွားအောင် ငြိမ်းချမ်းစွာ တည်ဆောက်ခဲ့ကြတယ်။ ဧဝံဂေလိ နှုတ်တော်ထွက်စကားကိုလျစ်လျူမရှု၊ ဆင်းရဲသားဒုက္ခသည်ကိုလည်း မျက်ကွယ်မပြုဘဲ ဂရုတစိုက် ရှိနိုင်လွန်းခဲ့တယ်။ သူတို့ရဲ့ အဓိက အလုပ်က ဆုတောင်းဖို့၊ သတင်းကောင်းဟောကြားဖို့။ ဝိညာဉ်တော် ဘုရားနဲ့ပြည့်ဝပြီး ဉာဏ်ပညာအမြော်အမြင်နဲ့လည်း ပြည့်စုံတဲ့ လူရိုသေရှင်ရိုသေအမျိုးသား (၇) ဦးကို ရွေးချယ်ပြီး အမှုတော်ထမ်းခြင်းမှာ အားဖြည့်တင်းခဲ့တယ်။ တကယ်တော့ သူတို့ဟာ ဦးပဥ္စင်းကြီးလို ယနေ့ကျွန်ုပ်တို့ခေါ်နေကြတဲ့ သူတွေပါပဲ။ အသင်းတော်ထဲမှာဦးပဥ္စင်းကြီးကရဟန်းမဖြစ်သေးဘူး။ ဒါပေမဲ့ ရဟန်းတို့ကိုကူပေးရတယ်။ ယဇ်ပလ္လင် အမှုထက် အစေခံခြင်းအမှုကို ပိုပြီးပြုရသူတွေ။ ဦးပဥ္စင်းကြီးရဲ့ အဓိပ္ပါယ်ကအစေခံခြင်းပဲ။ ယဇ်ပလ္လင်ထက်တက်ချင်နေပြီဆိုရင်တော့ သူဟာတစ်ခုခုတော့ လွဲနေပြီ။ နှုတ်ကပါတ်တော် အမှုတော်ဆောင်ခြင်းနှင့် ကရုဏာတရားလုပ်ငန်းတွေကြားမှာဟန်ချက်ညီအောင် ရှင်သန်တတ်ခြင်းကအသင်းတော်ကြီးကို ပိုပြီးကြီးထွားလာစေခြင်းပဲ။

ဒါကြောင့်မို့ တမန်တော်ကြီးတွေက ဦးပဥ္စင်းကြီးတွေထားရှိခဲ့တယ်။ ဦးပဥ္စင်းကြီး (၇)ဦးထဲမှာမှ စတီးဖင်းနဲ့ ဖိလစ်က ထူးထူးခြားခြားရှိလှတယ်။ စတီးဖင်းက အားသွန်ခွန်စိုက် ဧဝံဂေလိ သတင်းကောင်းဟောတယ်။ မရပ်မနား မမောနိုင် မပမ်းနိုင် ဟောပြောလွန်းလို့ ဆန့်ကျင်သူတွေက သူ့ကို မတရားသက်သေခံပြီး မဟုတ်မမှန်ပြောတယ်ဆိုတဲ့ ပုဒ်မနဲ့ ကွပ်မျက်သုတ်သင်ပစ်ဖို့ နည်းလမ်းရှာကြတယ်။ နာမည်ပျက်အောင် အရင်လုပ်တယ်။ ပြီးတော့ အသင်းတော်ရဲ့ ခန္ဓာကိုယ်ကြီးကို ပြိုကွဲအောင် တဖြေးဖြေး ဆန့်ကျင်လာကြတယ်။ စတီးဖင်းလည်း တရားဇရပ်တွေ၊ ခုံရုံးတွေရှေ့ ရောက်ရတယ်။ မဟုတ်မမှန်ပြောလို့ စွဲချက်တင်ပြီး စတီးဖင်းကိုသတ်ပစ်ဖို့ လုပ်တဲ့ပုံစံက ခရစ်တော်ဘုရားပုံစံနဲ့ အတူတူပဲ။ စတီးဖင်းက သခင်ယေရှုးကို ဗဟိုပြုပြီးသတင်းကောင်းကို ဟောတယ်။ ခရစ်တော်ရဲ့ အသေခံခြင်း ရှင်ပြန်ထမြောက်ခြင်း ပါစကားနက်နဲရာအကြောင်းတွေကို အဓိကထားပြီး ဟောခဲ့တယ်။ နောက်ဆုံး သမ္မာတရားအတွက် ဘုရားအတွက် အသက်ပေးခဲ့တယ်။ မသေခင်မှာ သူပြောတဲ့ စကားလေးသိပ်လှတယ်။ "သခင်ယေရှုးဘုရား၊ တပည့်တော်ဝိညာဉ်ကို လက်ခံသိမ်းယူတော်မူပါ" တဲ့။

အသင်းတော်ရဲ့ အစပိုင်းမှာ ဓမ္မအာဇာနည်တွေရှိခဲ့ပေမဲ့ ယနေ့ခေတ်ကာလမှာ ပိုပြီးတော့ များလာတယ်။ နေရာတိုင်းမှာ တရားတော်အတွက် အသက်ပေးနေရတယ်။ ယုံကြည်ခြင်းအတွက် ညှင်းပန်းနှိပ်စက် ခံနေကြရတယ်။ ခရစ်ယာန်တွေရဲ့ သွေးဟာမျိုးစေ့လို့ တက်တူးလီယန်းပြောခဲ့သလိုပဲ ဓမ္မအာဇာနည်တွေရဲ့ သွေးနဲ့ အသီးပွင့်တွေ အမြောက်အများ ဖြစ်ထွန်းလာခဲ့တယ်။ သူတို့ရဲ့ ပုံစံကို အတုယူပြီး နေ့စဉ်ကြုံတွေ့နေရတဲ့ ငြင်းဆိုခြင်းလေးတွေကို ကြိုဆိုပြီးခရစ်တော်နဲ့ သဏ္ဍာန်တူတဲ့ ဘဝအသက်တာကို သစ္စာ ရှိစွာအပြည့်အဝ ရှင်သန်ကြစို့။

(စက်တင်ဘာလ၊ ၂၅ ရက်၊ ၂၀၁၉)

စတီးဖင်းရဲ့ အသက်စွန့် သက်သေခံခြင်းကို ထောက်ရှုပြီးတဲ့နောက် နှုတ်ကပါတ်တော်ရဲ့ ခရီးကတော်တော်လေးခရီးပေါက်လာပြီ။ ဂျေရုဆလင်မြို့ အသင်းတော်မှာ ကြီးကြီးမားမား ညှင်းပန်းနှိပ်စက်ခြင်းတွေ ရောက်လာခဲ့တယ်။ ဂျေရုဆလင်မြို့မှာရှိနေတဲ့ တမန်တော်ကြီးတွေ၊ ယုံကြည်သူတွေ အကုန်လုံးလည်း ဂျူဒီအာနယ်နဲ့ ဆမာရီးယားနယ်တလျှောက် ကွဲလွင့်ကုန်ကြတယ်။ တပည့်တော်ကြီးတွေရဲ့ ဘဝမှာ ညှင်းပန်းနှိပ်စက်ခြင်းဆိုတာက အတူယှဉ်တွဲ ရှိနေလိုပဲ။ ခရစ်တော်က "ငါ့ကို ညှင်းပန်းနှိပ်စက်သလို၊ သင်တို့လည်းပဲ ညှင်းပန်းနှိပ်စက်ခြင်းခံရမယ်" လို့ ပြောခဲ့ပြီးသား။ ညှင်းပန်းနှိပ်စက်လေလေ၊ ဧဝံဂေလိသတင်းကောင်းကို ဟောပြောခြင်းကလည်း တရှိန်ထိုး မြင့်လာလေလေပဲ။

ဦးပဥ္စင်းကြီးဖိလစ် လုပ်ခဲ့တာကိုကြည့်ရင် အသိသာကြီးပါ။ သူက ဆမာရီးယားနယ်တစ်လျှောက်မှာသတင်းကောင်းဟောတယ်။ လွတ်မြောက်ခြင်းအကြောင်း ဟောပြီး ကုသခြင်းတွေနဲ့ ပြုလုပ်ခဲ့တယ်။ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားရဲ့ လုပ်ဆောင်ချက်ကလည်း အံ့မခန်း။ ဖိလစ်အပေါ်မှာ ဝိညာဉ်တော်သက်ရောက်ပြီး ဧဝံဂေလိခရီးကို စတင်ရာအကြောင်း ဖြစ်လာခဲ့တယ်။ ဖိလစ်က ဘာသာပလူမျိုးခြားတစ်ယောက်ဆီသွားပြီးချဉ်းကပ်တယ်။ ခက်ခဲတဲ့ ကန္တာရလမ်းကို အားအင် စိတ်ထက်သန်ခြင်းအပြည့်နဲ့ သူသွားခဲ့တာ။ အီသီယိုးပီယား ဘုရင်မတစ်ပါးရဲ့ ဘဏ္ဍာထိန်းတော်နဲ့ လမ်းမှာတွေ့ဆုံတယ်။ သူကရထားပေါ်မှာထိုင်ပြီး ပရောဖက် ဟေရှာယရဲ့ ကျမ်းစကားကိုဖတ်နေတယ်။ "သင်ဖတ်နေတာကို သင်နားလည်ရဲ့လား" ဖိလစ်က မေးမြန်းပြီး ကျမ်းစကားရဲ့ အနက်အဓိပ္ပါယ်ကို ရှင်းပြခဲ့တယ်။ ကျမ်းစကားကို နားလည်ဖို့ သိကျွမ်းနှံ့စပ်သူတစ်စုံတစ်ယောက်ရဲ့ ရှင်းပြမှု တော့ လိုအပ်တယ်။ သူတို့နှစ်ဦးကြားက စကားစမြည်ပြော ရာကနေ ကျမ်းစကားကိုဖတ်ရုံနဲ့ မလုံလောက်သေးဘူး။ အဓိပ္ပါယ်ကိုသိဖို့ တစ်ယောက်ယောက်ရဲ့ အလင်းပြမှုကို ခံယူရမယ်ဆိုတာကို သိလာတယ်။

အဲ့လိုနဲ့ ဖိလစ်က သူ့ဖတ်နေတဲ့အကြောင်းအရာကို ရှင်းပြခဲ့တယ်။ ကျမ်းချက်ကညှင်းပန်းခံရတဲ့ အစေခံသားကောင်းအကြောင်းပါ။ ရည်ညွှန်းထားတာက ခရစ်တော်ကို။ ခရစ်တော်က ညှင်းပန်းသူတွေကို မတုန့်ပြန်ခဲ့ဘူး။ အဆိုးကို အဆိုးနဲ့ အနိုင်မယူ။ မေတ္တာနဲ့ အောင်နိုင်ခဲ့သူ။ ဒီအကြောင်းကို တမန်တော်ကြီးဖိလစ်က ကြေညာဟောပြောခဲ့တယ်။ နောက်ဆုံးမှာ အီသီယိုးပီးယား လူကြီးလည်း ဆေးကြောခြင်းခံယူပြီး ယုံကြည်သူဖြစ်လာခဲ့တယ်။ ခရစ်တော်နဲ့ မိတ်ဆက်ပေးလိုက်တဲ့အခါ အဲ့ဒီလူက ခရစ်တော်ကို သိသွားတယ်။ နားလည်လာတယ်။ သတင်းကောင်းကို အောင်မြင်သီးပွင့်စေသူက သန့်ရှင်းသော ဝိညာဉ်တော်ပါ။ သူ့ရဲ့ လှုံ့ဆော်ခေါ်ဆောင်မှုအောက်မှာ တပည့်တော်ကြီးတွေ သတ္တိရှိလာတယ်။ ဟောရဲပြောရဲ အသက်ပါပေးရဲလာခဲ့တယ်။ ဘုရားသခင်ရဲ့ သတင်းကောင်းကို ဟောပြောဖို့ ကျွန်ုပ်တို့မှာလည်း တာဝန်ရှိတယ်။ ဝိညာဉ်တော်ရဲ့ ဦးဆောင်မှုကိုခံယူကြစို့။

(အောက်တိုဘာလ၊ ၂ ရက်၊ ၂၀၁၉)



# ကာဒီနယ်အသစ် ၁၃ ပါးတင်မြှောက်ခြင်းသည် ကယ်တင်ခြင်း သာသနာပြုရန် အသင်းတော်၏ တာဝန်ကြီး အစ်နှင်းခြင်းဖြစ်ကြောင်း အသင်းတော်ဆိုင်ရာ ပုံမှန်ညီလာခံ စုံညီစုဝေးခြင်း (Consistory)

ကက်သလစ်အသင်းတော်ဆိုင်ရာ ပုံမှန်ညီလာခံ၊စုံညီစုဝေးခြင်းကို Consistory ဟုခေါ်ဆိုပြီး လာတင်စကားမှ ဆင်းသက်လာခြင်းဖြစ်ကာ စုံညီစုဝေးသည့်နေရာ(သို့) အတူတကွ ရပ်တည်သည်ဟု အဓိပ္ပါယ်ရသည်။

၁၁ ရာစုကတည်းက ပြုလုပ်ခဲ့သော အသင်းတော်ဆိုင်ရာ၏ပုံမှန်ညီလာခံစုဝေးမှုကို ရဟန်းမင်းကြီးရှိသည့် ရောမမြို့၊ဗာတီကန်၌ပြုလုပ်လေ့ရှိပြီး တစ်ကမ္ဘာလုံးမှဆရာတော်၊ ကာဒီနယ်များအား ပုံမှန်ဖိတ်ခေါ်စုရုံး၍ အစည်းအဝေးပြုလုပ်ကာ ဆွေးနွေးတင်ပြ၊ အကြံပြုချက်၊ တောင်းခံချက်များကို ရဟန်းမင်းကြီးကြားနာပြီး ဝိုင်းဝန်း အဖြေရှာကာ လမ်းညွှန်ချက်များ၊ ဆုံးဖြတ်ချက်များ၊ အစီအစဉ်များကို ချမှတ်လေ့ရှိသည့်အပြင် တာဝန်သစ်များ ပေးအပ်ခြင်း၊ သိက္ခာတင်မြှောက်ခြင်းတို့ကိုလည်း ဆောင်ရွက်လေ့ရှိသည်။



အသင်းတော်ဆိုင်ရာပုံမှန်ညီလာခံစုဝေးခြင်း အမှတ်အသားသဖွယ် ရဟန်းအမတ် ကာဒီနယ်အသစ်များ ခန့်အပ်သောထိုနေ့၏ အခမ်းအနားသည်လည်း အသင်းတော်ဆိုင်ရာ ပုံမှန်စုဝေးညီလာခံ Consistory သဖွယ်ဖြစ်ပေသည်။ အခမ်းအနားတွင် ကာဒီနယ်လက်စွပ် အပ်နှင်းခြင်းနှင့် မိမိသိုးတို့ အဖို့ အသက်ပေးရန်တာဝန်ပေးရွေးချယ်ခံရသည့်အမှတ်လက္ခဏာအဖြစ် ဦးထုတ်အနီကိုပေးအပ်သည်။

## တစ်ကမ္ဘာလုံးနှင့်ဆိုင်သော အသင်းတော်ကြီး

ရဟန်းမင်းကြီးဖရန်စစ်သည် ကာဒီနယ်အသစ် ၁၃ ပါးတို့၏ အမည်ကိုကြေညာပြီး ဤသူတို့သည် မတူညီသောဒေသ၊ ကမ္ဘာအရပ်ရပ်ရှိ လူတို့ထံ ဘုရားသခင်၏ ချစ်ခြင်း ကရုဏာတော်ကို ဆက်လက်ဖော်ပြ၊ ဟောပြောသွားရန် ကနဦးကတည်းက ခေါ်တော်မူခြင်း ခံထားရသူများ ဖြစ်သည်။ ကာဒီနယ်အသစ်များ ကြွလာခဲ့သော မူလဇစ်မြစ်ဒေသကိုပင်ကြည့်ပါ။ မြောက်အမေရိကား၊ ဗဟိုအမေရိကား၊ အာဖရိက၊ အင်ဒိုနီးရှား၊ မော်ရိုကို၊ ကျူးဘား၊ ဂွါတာမာလာ၊ အင်ဂိုလာ၊ လူဇင်ဘာ့ဂ်စသည့် ဥရောပနှင့် အာရှနိုင်ငံများမှ ဖြစ်ကြသည်ဟုပြောကြားသည်။

## သာသနာပြုအသင်းတော်ကြီး

ထိုကာဒီနယ်အသစ်ထဲမှ ၈ ပါးသည် သီလသည်သူတော်စင်အသင်းဂိုဏ်းများမှဖြစ်ကာ ကျန် ၅ ပါးမှာ သက်ဆိုင်ရာ သာသနာများတွင် သိုးထိန်းတာဝန်ထမ်းဆောင်နေသော ရဟန်းတော်များဖြစ်သည်။ ဆိုလိုသည်မှ သူတို့အားလုံးသည် ကမ္ဘာ့ဝန်းကျင်နှင့် မိမိတို့သာသနာမှ အသိအမြင်အတွေ့အကြုံများစွာ ပိုင်ဆိုင်ထားသူများဖြစ်ကြသည်။ ဥပမာ ဂျေဆွဖ်အသင်းဂိုဏ်းဝင်ဘုန်းတော်ကြီး Michael Czerny သည် လူသားထုအလုံးစုံဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးကဏ္ဍတွင် ကမ္ဘာ့ရွှေ့ပြောင်း ဒုက္ခသည်များအရေး ကိုင်တွယ်သည့် အတွင်းရေးမှူးဖြစ်ကာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး Michael Fitzgerald သည်လည်း ရဟန်းမင်းကြီးရုံးတော်၏ ဘာသာတရားများ နီးနှောဖလှယ်ခြင်းဆိုင်ရာ ဥက္ကဋ္ဌဟောင်းဖြစ်ကာ ခရစ်ယာန်၊ မွတ်ဆလင် ဆက်ဆံရေးကျွမ်းကျင်သူဖြစ်ပေသည်။

## ကာဒီနယ် အစုအရုံး

ထိုနေ့ အခမ်းအနားတွင် ကာဒီနယ်ပေါင်း ၂၁၂ ပါး ပါဝင်တက်ရောက်သည့်အထဲမှ ကာဒီနယ်အသစ်တို့ကို ရွေးချယ်မဲပေးနိုင်သူ ၁၁၈-ပါးရှိပြီး၊ ကျန်သော ကာဒီနယ်များမှာ အသက် ၈၀ ကျော်ပြီဖြစ်၍ မဲပေးရာတွင်မပါဝင်၊ ရဟန်းမင်းကြီးအဖြစ် ရွေးချယ်ခံ စာရင်းတွင်လည်း မပါဝင်တော့ပေ။ ကာဒီနယ်ကြီးများအပြင် တိုက်ကြီး ၅ ခုမှ ကိုယ်စားလှယ်တော်များလည်း ပါဝင်တက်ရောက်ခဲ့သည်။

## ကာဒီနယ်သစ်များအတွက် ပုပ် ရဟန်းမင်းကြီး ဖရန်စစ်၏ အထူးမှာကြားချက်

အောက်တိုဘာ ၅ ရက်နေ့က စိန်ပီတာ ဘာစီလီကားရင်ပြင်၌ ကျင်းပပြုလုပ်သော အဆိုပါ ကာဒီနယ်အသစ် ၁၃ ပါး တင်မြှောက်ခြင်း အခမ်းအနားတွင် ရဟန်းမင်းကြီး၏ ဩဝါဒမှာ ဘုရားသခင်၏သနားကြင်နာခြင်း မဟာကရုဏာအကြောင်း ဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာ ဧဝံဂေလိသတင်းကောင်း၏ သော့ချက်သည် သနားကြင်နာခြင်းဖြစ်ကာ ဘုရားသခင်၏ နှလုံးသားတွင် အစဉ်ထာဝရ ရေးထွင်းထားပြီးသည့်အရာဖြစ်ကြောင်း၊ ခံရသူများဖက်မှ စာနာ၍သနားကြင်နာခြင်း ပြသပေး၊ လုပ်ဆောင်ရပ်တည်ကာကွယ်ပေးခဲ့သည့် သခင်ခရစ်တော်ရှင်၏ ပုံစံနမူနာများကို ကြည့်စေလိုကြောင်း၊ ထိုအကြောင်းအရာများကို ဖတ်ရှုပြီး အာရုံပြုဆင်ခြင်လေလေ၊ ခရစ်တော်ရှင်၏ သနားကြင်နာမှုတွေကို ပိုပိုပြီးထင်မြင်တွေ့ရှိခံစားလာရလေလေ ဖြစ်မည့်အကြောင်း၊ ခရစ်တော်ရှင်၏ သနားကြင်နာခြင်းသည် ရံဖန်ရံခါမှသာဖြစ်ပေါ်ခြင်းမျိုးမဟုတ်၊ ရှိလိုက်မရှိလိုက်နှင့် စိတ်ခံစားလှုပ်ရှားမှုပေါ် မူတည်သည့်သနားကြင်နာခြင်းမျိုးလည်းမဟုတ်ဘဲသူ၏နှလုံးတော်မှ ခိုင်မာသည့် သနားကရုဏာပင်ဖြစ်သည်။

အနာအဆာနှင့်ပြည့်ကာ အားနည်းလွန်းလှသည့် လူသားတစ်ဦးအဖြစ်ကို ဝင်ယူတော်မူသော ခမည်းတော် ဘုရားရှင်၏ အလိုတော်မှာ အပြစ်၏ ရိုက်ချက်ဒဏ်များ ထိခိုက်ခံစားရသော ထိုလူယောကျ်ား၊ လူမိန်းမတို့ကို သန့်စင်ချွတ်လွတ်ပေးရန်သာ ဖြစ်ပေသည်။ ထိုသို့ပြုရန်အတွက် သားတော်ဘုရား၊ သခင်ခရစ်တော်သည် အဖခမည်းတော်အလိုတော်ကို ဖော်ဆောင်နိုင်ရန်အဖို့ငှါ အသုံးတော်ခံသူ ဖြစ်သည်။ ဘုရားနှင့်လူကြား ကွာဟနေသော ချောက်နက်ကြီးကို ပေါင်းကူးပေးသည့် တံတားကဲ့သို့သခင်ခရစ်တော်သည် ပြန်လည်ပြေငြိမ်းစေ၊ ပေါင်းစပ်စေခဲ့သူဖြစ်သည်။ ထိုသို့သော အရှင်ဖြစ်သည့် သခင်ခရစ်တော်သည်အပယ်ခံရသူများ၊ မျှော်လင့်ချက်မဲ့ဖြစ်နေရသူများကို ဖခင်ကရုဏာသနားခြင်းနှလုံးသားမျိုးနှင့် လိုက်လံရှာဖွေလျက်ရှိပေသည်။

ဘုရားသခင်၏ချစ်ခြင်းအလိုတော်မှာလူသားများကို သူ၏သနားကြင်နာခြင်းနှင့်လွှမ်းခြုံထားရန်ဖြစ်သည်။ ဝမ်းနည်းစရာကောင်းသည်မှာ ဘုရားချစ်သည့်လူသားများ၏စိတ်နှလုံးထဲတွင် ကရုဏာစိတ်ကင်းမဲ့မှုများ ဖြစ်ပေါ်နေခြင်းပင်။ ခရစ်တော်၏ အနီးကပ် နောက်တော်လိုက် တပည့်တော်ကြီးများထဲတွင်ပင် ကရုဏာစိတ်မရှိသည့် အသွင်အပြင်မျိုးမကြာမကြာတွေ့ရသည်။ ဥပမာ-ခရစ်တော်၏ တရားဒေသနာကိုကြားမြင့်စွာ၊ နေစောင်းမိုးချုပ်ချိန် နီးသည်အထိ လိုက်လံနားထောင်ရင်း ဗိုက်ဆာနေသော လူအုပ်ကြီးကို တပည့်တော်ကြီးများသည် သနားစိတ်မဖြစ်ဘဲ၊ ဝေးလံသည့် သူတို့၏ရွာများဆီသို့ ထိုအတိုင်း ပြန်လွှတ်လိုက်ရန် သာအားထုတ်ခဲ့ကြသည်။ ဤသည်မှာလူသားတို့တွင် ဖြစ်တတ်လေ့ရှိသည့် စိတ်နေစိတ်ထားတစ်ခုပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့၌လည်း လက်ရှိတွင် စည်းမျဉ်း၊ တရားဥပဒေ စသည်နှင့်အညီ စနစ်တကျဖွဲ့စည်းထားသောအသင်း၊ အဖွဲ့များ ရှိနေပါသော်လည်း သနားကရုဏာ တရားကင်းမဲ့ခြင်း (သို့) ဦးစားမပေးခြင်း၊ ကရုဏာလုပ်ဆောင်မှုအတွက် အတားအဆီး ဖြစ်စေခြင်းမျိုးရှိနေတတ်ပေသည်။

သိက္ခာခံယူတော့မည့် ကာဒီနယ်ကြီးများနှင့် ဤနေရာ၌ စုရုံးနေသောအခြား ကာဒီနယ်ကြီးများ သင်တို့ သည်လည်း ဘုရားသခင်၏ သနားကြင်နာခြင်းကရုဏာတော်ကို ခံယူရရှိလျက် ၎င်းအားဖြင့်သာရှေ့ခရီး ဆက်ကြရမည့်သူများဖြစ်ကြောင်း ခံယူထားကြပါ၏လော။ ကျွန်ုပ်တို့အပေါ်ထားသည့်ဘုရားသခင်၏ သနားကရုဏာတော်ကို ကျွန်ုပ်တို့ အားတက်သရော၊ သတိထားမြင်တွေ့မိကြပါသလား။ မိမိသည် ဘုရားသခင်၏ သနားခြင်းခံရသော သတ္တဝါသက်သက်ဖြစ်သည်ဟု သတိမထားမိသ၍၊ မခံစားမိသ၍ အခြားသူ သိမြင် ခံစားစေရအောင်လည်း မည်ကဲ့သို့သက်သေခံနိုင်မည်နည်း။

ထိုသို့အခြေအနေတွင် ကျွန်ုပ်တို့ ထမ်းဆောင်နေသော အမှုတော်မြတ်၌ ဘုရားသခင်၏ ချစ်ခြင်းသနား ကရုဏာကို နားလည်မည်မဟုတ်ပါ။ မိမိကိုယ်တိုင်နား

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အာမေဇုံဒေသ ညီလာခံကို ရဟန္တာ ဖရန်စစ် အာစီစီ ထံ အပ်နှံဆက်ကပ်ခြင်း

ဗာတီကန်ဥယျာဉ်တော်တွင်ကျင်းပသောအထိမ်းအမှတ်သစ်ပင်စိုက်သည့်အခမ်းအနားတွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည်မကြာမီ ပြုလုပ်တော့မည့် အာမေဇုံ ဆီးနစ် အစည်းအဝေးကြီးကို ရဟန္တာဖရန်စစ်အာစီစီ၏ ကူညီမှုိင်းမမှုအောက် အပ်နှံထားကြောင်းကြေညာသည်။

အရာရာတိုင်းသည် အချင်းချင်း ဆက်နွယ်နေကြသည်ဟူသော စာကြောင်းသည် ရဟန်းမင်းကြီး ဖရန်စစ်၏ Laudato Sì စာချွန်တော်ထဲတွင် ထပ်ခါထပ်ခါပါရှိပေသည်။

ထိုနေ့က အခမ်းအနားအတွင်း အသုံးပြုသောအရာများ၊ ပြုလုပ်ဖော်ပြပုံများ၊ သီချင်းများက အဆိုပါအရာရာတိုင်း အချင်းချင်းဆက်နွယ်နေကြသည် ဆိုသည့် အချက်ကို ပေါ်လွင်သေချာစေသည်။

## ရှင်ဖရန်စစ် အာစီစီနှင့် သဘာဝဂေဟာစနစ်

စက်တင်ဘာ ၁-ရက်နေ့မှစတင်၍ တစ်လတာ သတ်မှတ်လှူပ်ရှားခဲ့သော ဖန်ဆင်းခြင်းသဘာဝဆိုင်ရာ လှုပ်ရှားမှုကာလကို အောက်တိုဘာ ၄- ရက် ရှင်ဖရန်စစ်အာစီစီပွဲနေ့တွင် အဆုံးသတ် ပိတ်သိမ်းလိုက်ခြင်းသည်လည်း တိုက်ဆိုင်သည့် အဓိပ္ပါယ်ရှိပေသည်။

ယခုနှစ်သည်လည်း ပုပ်ရဟန်းမင်းကြီးစိန့်ဂျွန်ပေါ (ဒုတိယမြောက်) မှ ရှင်ဖရန်စစ်အာစီစီအား သဘာဝဂေဟာစနစ်အတွက် ကြိုးပမ်း ဆောင်ရွက်သူတို့ကို မှိုင်းမသော ရဟန္တာဟု ကြေညာခဲ့သည့် နှစ် ၄၀-ပြည့်ဖြစ်သည်။ ဖန်ဆင်းခြင်း သဘာဝဆိုင်ရာ အရေးကို ဖေါင်းပေးဆွေးနွေးမှုပါဝင်မည့် အာမေဇုံ ဆီးနစ် အစည်းအဝေးကြီးကို လာမည့် ရက်များအတွင်း ကျင်းပကြတော့မည်ဖြစ်သည်။

## စီစဉ်သူနှင့်ပါဝင်တက်ရောက်သူ



စီစဉ်သည့် အဖွဲ့များမှာ The Pan-Amazonian Ecclesial Network, the Order of Franciscan Friars Minorနှင့် the Global Catholic Climate Movement တို့ဖြစ်ကာ၊ သီလသည်အသင်းဂိုဏ်းအသီးသီးမှ သူတော်စင်များလည်းပါဝင်တက်ရောက်ကြပြီး၊ ထိုအာမေဇုံနယ်မှ ဒေသခံတိုင်းရင်းသားများက အရေးပါသော ကဏ္ဍဖြစ်သည့် သရုပ်ဖော်ဖန်တီးမှုများကို အရောင်မျိုးစုံဖြင့် ပြင်ဆင်သည့်အပိုင်းကို တာဝန်ယူထားသည်။

## သင်္ကေတနှင့်အမှတ်လက္ခဏာ

အာစီစီမြို့မှ ယူဆောင်လာသည့် အမြစ်မိမ်း ဝက်သစ်ချပင်ကို စိုက်ပျိုးခြင်းဖြင့် ၎င်းနေ့က အခမ်းအနားကို အဆုံးသတ်ခဲ့သည်။ ထိုဝက်သစ်ချပင်မျိုးကို ရှေးအင်ဂလိုဆက်ဆွန်စကားဖြင့်'သန့်ရှင်းခြင်း'ဟူသည့် သဘောယူဆယုံကြည်ထားကြသည်။

အဆိုပါသစ်ပင်ကိုစိုက်ပျိုးရန်ပြင်ဆင်ခဲ့သည့် မြေကြီးသည်ပင်လျှင် နက်ရှိုင်းလှသော အရေးပါမှုကို ဖော်ဆောင်ထားသည့်အကြောင်းမှာ ရိုးရာဓလေ့နှင့်ရှေးအစဉ်အလာကြွယ်ဝလှသော အာမေဇုံဒေသမှ မြေကြီး၊ ရာသီဥတု ဆိုးဝါးပြောင်းလဲမှုကြောင့် လူသန်းပေါင်းများစွာ မိုးခေါင်၊ ရေကြီး၊ မုန်တိုင်းဒဏ်ဖြင့် ပျက်စီးခြင်းနှင့် ဒုက္ခအတိရောက်နေသော ဒေသများကို ကိုယ်စားပြုသည့်အနေဖြင့် အန္ဒိယနိုင်ငံမှမြေကြီး၊ ဆင်းရဲကျပ်တည်းမှု၊ သဘာဝဘေးနှင့် စစ်ပွဲတို့ကြောင့် မိမိတို့ အိုးအိမ်၊ နယ်မြေဒေသမှစွန့်ခွါ ထွက်ပြေးရသူ၊ ရွှေ့ပြောင်းဒုက္ခသည်စသည်တို့ကိုကိုယ်စားပြုသည့် အချို့နိုင်ငံမှမြေကြီး၊ လူကုန်ကူးခြင်း အထူးခံစားရသော နယ်မြေအချို့မှ မြေကြီး၊ ကမ္ဘာတစ်ဝန်းရှိနေသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ဆောင်နေသည့်နေရာများမှ မြေကြီးအချို့နှင့် အထူးသဖြင့် ဒေသတွင်းပဋိပက္ခများကြောင့် အသက်ပေးခဲ့ရသူများ၏ သွေးတို့စွန်းပေ၊ စိုစွတ်နေသည့် အာမေဇုံဒေသမှယူဆောင်လာသော မြေကြီးတို့ဖြင့် ပြင်ဆင်ထားခြင်းဖြစ်သည်။

## ဖန်ဆင်းခြင်းကျူးသေည့်ဓမ္မတေး

ဤသို့ ပြင်ဆင်ထားသည့် မြေကြီးတွင် စိုက်ပျိုးမည့်အပင်မှာလည်းရှင်ဖရန်စစ်အာစီစီနေထိုင်သွားလာခဲ့သော ဖန်ဆင်းရှင်နှင့်ဆုံတွေ့ခဲ့သည့် အာစီစီမြေပေါ်မှ ယူဆောင်လာပေသည်။ ရှင်ဖရန်စစ်မှ ဘုရားသခင်၏ ဖန်ဆင်းခြင်းကျူးသေည့် ဓမ္မတေးကို ပထဆုံးသီကုံးခဲ့သော မြေမှအပင်ပေတည်း။ ထိုဓမ္မတေးကို ၁၃-ရာစုတွင် ရေးဖွဲ့ခဲ့ပြီး အီတာလျံဘာသာဖြင့် ရေးစပ်သည့် ပထမဆုံးတေးဖြစ်သည်ဟု ယူဆထားကြသည်။ ၎င်းဖန်ဆင်းခြင်း ချီးမွမ်းဓမ္မတေးကိုပင် ယခုဗာတီကန် ဥယျာဉ် သစ်ပင်စိုက်အခမ်းအနားတွင် သံစုံတီးလုံးနှင့်တီးခတ်သီဆိုခဲ့သည်။

## ဖန်ဆင်းခြင်းအခါသမယအား ကျင်းပခြင်း

ထိုနေ့ အခမ်းအနားတွင် ပါဝင်တက်ရောက်ခဲ့သော လူသားဆိုင်ရာအလုံးစုံဖွံ့ဖြိုးတိုးတက်ရေးဌာန၏ ဥက္ကဋ္ဌဖြစ်သူ ကာဒီနယ် Peter Turkson ကလည်းယနေ့အခမ်းအနားသည် ဟန်ပြအပြုအမူသာ မဟုတ်ဘဲ လက်ရှိအချိန် သမယအတွက် အမျှော်အမြင်ကြီးသော လုပ်ဆောင်ချက်၊ အကျပ်အတည်း ကြုံနေသည့် သဘာဝကြီးအတွက် တုန့်ပြန်ချက်ပင်ဖြစ်ပြီး ဖန်ဆင်းခြင်းသဘာဝအတွက် ကမ္ဘာ့ဆုတောင်းရာနေ့အဖို့ ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ဆုတောင်း သဝဏ်လွှာတွင်ပါရှိသည့်အတိုင်းကမ္ဘာဂြိုလ်ကြီးကို ကယ်ဆယ်နိုင်မည့် အချိန်သမယဖြစ်ပေသည်ဟုပြောဆိုခဲ့သည်။

Ref: Vatican News

ဘာသာပြန်-စစ္စတာ ဒဲနစ် ဂျာတောင် (SJA)

CBCM-OSC

---

မလည်နိုင်ပါက အခြားသူကို မည်ကဲ့သို့ မျှဝေ နိုင်မည်နည်း။

ကျွန်ုပ်တို့ သိုးထိန်းများ၏ သာသနာတော်အပေါ်၊ သိုးစုအပေါ်သစ္စာစောင့်သိနိုင်စွမ်းသည် ထိုသူ၏ခံယူမှုပေါ်တွင်များစွာမူတည်လိမ့်မည်။ မိမိအပေါ်ဘုရားသခင်၏ သနားကရုဏာကြီးစွာ ပြုနေ၊ ပေးနေသည်ကို သိမြင်ခံစားရပြီး အခြားသူအပေါ်မိမိခံစားရသော ထိုသနားကရုဏာတရားကို ပြန်လည် ပြသပေးလိုစိတ် ရှိမည်ဆိုပါက ထိုသိုးထိန်းကာဒီနယ်မျိုးသည် သူဝတ်ဆင်ထားသော ကြက်သွေးရောင် သင်္ကန်းဝတ်ရုံ အမှတ်လက္ခဏာနှင့် လိုက်ဖက်စွာ မိမိအသက်သွေးကိုပင် သွန်းနိုင်သည့် သစ္စာရှိသူမျိုးဖြစ်ရန်မှာသေချာပေမည်။

ရဟန်းဘောင်မှာဖြစ်ပေါ်နေသော သစ္စာမဲ့မှု အများပိုင်းသည် သူတို့အပေါ်



ဘုရားသခင် သွန်းလောင်းပေးနေသော သနား ကြင်နာခြင်း ကရုဏာတော်ကို အာရုံမစိုက်ဘဲမေ့လျော့လာပြီး မိမိအတ္တအပေါ်သာ အာရုံစိုက်ရင်း အေးစက်သည့်အကျင့်ဖြင့် နေထိုင်လာခြင်းကအကြောင်းရင်း တစ်ခု ဖြစ်သည်။

ကျွန်ုပ်တို့အပေါ် သနားကရုဏာနှင့် ကျေးဇူးများ သွန်းလောင်းပေးလျက် ကြည့်ရှု စောင်မတော်မူသော၊ ရွေးကောက်တော်မူသော၊ စင်ကြယ်စေတော်မူသော၊ သခင်ဘုရား၏ ကယ်တင်ခြင်း သတင်းကောင်းကို လူအားလုံးဆီသို့ သယ်ဆောင်ရန် စေလွှတ်တော်မူသော ထိုအရှင်၏ကြီးမားသည့် ကရုဏာတော်ကို သက်သေခံကြပါဟု အားပေးတိုက်တွန်းကာ ရဟန်းမင်းကြီးဖရန်စစ်က သျှသြဝါဒကို အဆုံးသတ် ခဲ့သည်။

ထိုသို့ကာဒီနယ် (၁၃) ပါး တင်မြှောက်သည့် အခမ်းအနားပြီးသည်နှင့် အနားယူနေသော ရဟန်းမင်းကြီး ဘက်နဒစ်(၁၆)ထံသို့အားလုံးတစ်စုတစ်ဝေးတည်း သွားရောက် တွေ့ဆုံနှုတ်ဆက် ဂါရဝပြုခဲ့ကြရာ၊ အသင်းတော်ကြီးကို ဦးဆောင်နေသည့် ရဟန်းမင်းအပေါ် သစ္စာထားသည့် အနစ်သာရအကြောင်း ကာဒီနယ်အသစ်များအားမှာကြားပေးခဲ့သည်။ ထို့နောက် ရဟန်းမင်းကြီး နှစ်ပါးစလုံးမှ ကာဒီနယ်အသစ်များအား ကောင်းချီးပေးခဲ့သည်။

Vatican News

ဘာသာပြန် - စစ္စတာရ်ဒဲနစ်ဂျာတောင်(SJA)

CBCM-OSC

# ကင်ညာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ၏ အကျင့်ပျက်ချစားမှု ဆန့်ကျင်ရေး လှုပ်ရှားမှု



ကင်ညာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများသည် နိုင်ငံလုံးဆိုင်ရာ အကျင့်ပျက်ချစားခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေး လှုပ်ရှားမှု တစ်ခုကို စတင်ခဲ့ကြသည်။ ထို လှုပ်ရှားမှုကို ခြောက်လကြာဆင်နွှဲမည်ဟု လည်း ကြေငြာခဲ့သည်။ ထိုနည်းတူ ဘုရားကျောင်းသို့ ငွေအမြောက်အမြား အလှူထည့်ဝင်ခြင်းကိုလည်း နည်းလမ်းမှန်ကန်စွာ လုပ်ဆောင်ကြရန် ချမှတ်ခဲ့ကြသည်။

၂၀၁၉ ခု အောက်တိုဘာလ ၅ ရက်နေ့တွင် ဆရာတော်ကြီးများသည် ဆူဘူကီးယားရှိ နိုင်ငံလုံးဆိုင်ရာ ဘုရား၏မယ်တော် ဗိမာန်တော်တွင် စုရုံးရောက်ရှိလာခဲ့ကြသည်။

ဆရာတော်ကြီးများသည် လူထုပရိတ်သတ်အား အံ့သြစေခဲ့သော အပြုအမူကိုလုပ်ခဲ့ကြသည်။ သူတို့သည် ဖိနပ်များကို ချွတ်ကာ ဘုရားစင်ရှေ့သို့ စီတန်းလာခဲ့ကြသည်။ လက်ထဲတွင် လက်ဝါးကားတိုင်လေးများကို ကိုင်ဆောင်ကာ အဖြူ အစိမ်း ဖဲကြိုးများကိုလည်း တရားဟော သင်္ကန်းအပေါ်တွင် ဆင်မြန်းထားခဲ့ ကြသည်။ တစ်ဦးစီသည် အကျင့်ပျက်ချစားခြင်းကို ဆန့်ကျင်ကြမည်ဟု ကတိပြုခဲ့ကြသည်။

ဆရာတော်ကြီးများသည် ဘုရားစင်ရှေ့သို့ ရောက်ရှိစဉ် ဒူးထောက်ကာ တိတ်ဆိတ်စွာ ဆုတောင်းခဲ့ကြသည်။ ထို့နောက် အကျင့်ပျက်ချစားခြင်းကို မဆုတ်မနစ် ဆန့်ကျင် တိုက်ဖျက်ပါမည်ဟု ကတိပြုခြင်းကို ဖတ်ကြား ပြုလုပ်ခဲ့ကြသည်။ ထို့နောက် ထိုစာရွက်များပေါ်တွင် တစ်ဦးစီ လက်မှတ်ထိုးခဲ့ကြပြီး စာရွက်များကို ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဂိုဏ်းချုပ်ဆရာ တော်ကြီး ဖိလစ် အန်ညိုလို လက်သို့ အပ်နှံခဲ့ကြသည်။

ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် ဘာသာဝင်အပေါင်းတို့သည်လည်း ဆရာတော်ကြီးများနှင့်အတူ ပူပေါင်းပါဝင်ကြရန် ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။

ဆရာတော်ကြီး အန်ထော်နီ မူဟဲရီးယား က ဆရာတော်ကြီးများသည် ဖိနပ်မစီးဘဲ ဘုရားစင်သို့ ရောက်ရှိလာခြင်းမှာ ဘုရားသခင်၏ ပညတ်တော်များကို ဖေါက်ဖျက်ကာ ဆင်းရဲသားများအပေါ် အမြတ်ထုတ်ခြင်းများကျူး လွန်နေသော ကင်ညာနိုင်ငံအတွက် ဝမ်းနည်းခြင်းကို ဖေါ်ထုတ်ခြင်း ဖြစ်ကြောင်းရှင်းပြခဲ့သည်။ ကင်ညာနိုင်ငံသားအများ သေကျေ ပျက်စီးခဲ့ရခြင်းမှာ အကျင့်ပျက် ခြစားမှုကြောင့်ဟု ဆိုနိုင်ကြောင်း ထပ်လောင်းပြောဆိုခဲ့သည်။

၆ လ ကြာ လုပ်ဆောင်မည့် အကျင့်ပျက်ခြစားခြင်းအား ဆန့်ကျင်ခြင်းကို "အကျင့်ပျက်ခြစားခြင်း ချိန်းကြိုးအား ဖြတ်တောက်ခြင်း" ဟု အမည်ပေးထားသည်။

ဘာသာရေး ခေါင်းဆောင်များ အနေနှင့်လည်း အလှူငွေများအား ကိုင်တွယ်ရာတွင် ထင်သာမြင်သာရှိရန် လိုအပ်ကြောင်း သတိပေးပြောကြားခဲ့သည်။

Ref: Vatican News

# ဟောင်ကောင်မြို့ ကာဒီနယ် တုန် က အစိုးရအား ပြည်သူများအား နားထောင်ရန် ဖိတ်ခေါ်



ဟောင်ကောင်တွင် အငြင်းပွါးနေသော ဥပဒေအား ဖျက်သိမ်းလိုက်သော်လည်း တင်းမာမှုများမှာ ဆက်လက် ဖြစ်ပေါ်နေဆဲဖြစ်သည်။ ဟောက်ကောင်မြို့၏ ကာဒီနယ် ဂျွန်တုန် က ပြည်သူများအား ဒေါသကို ရှောင်ရှားပြီး မျှော်လင့်ချက် မလျှော့ကြရန် အားပေးခဲ့ပြီး အစိုးရအား ပြည်သူများကို နားထောင်ပေးရန် နှင့် အကြမ်းဖက်မှုကို ရှောင်ရှားရန် တိုက်တွန်းခဲ့သည်။

ကာဒီနယ်မှ ဟောင်ကောင်တွင် ဖြစ်ပျက်နေသော အခြေအနေအတွက် အလွန်ပင် ဝမ်းနည်းရကြောင်းနှင့် တင်းမာမှုများသည် အလွယ်တကူ ပျောက်ကွယ်သွားမည်မဟုတ်ကြောင်း သတိပေးခဲ့သည်။

ထိုအခြေအနေများအတွက် နည်းလမ်းသုံးခုကို မီးမောင်းထိုးပြခဲ့သည်။

ပထမ - စိတ်ဓါတ်ကျခြင်းအစား မျှော်လင့်ပါ။ ကျွန်ုပ်ဟာ နိုင်ငံရေးသမားတစ်ယောက်မဟုတ်သည့်အတွက် ပြဿနာတွေအတွက် အဖြေမပေးနိုင်ပါဘူး။ ဒါပေမဲ့ ဒီလို အခက်အခဲတွေကြားမှာ ဘုရားသခင် ရှိနေတယ်ဆိုတာ ယုံကြည်ပါတယ်။ ဆုတောင်းတာကလွဲပြီး ကျွန်ုပ်တို့ ဘာတတ်နိုင်မှာလဲ။ ကျွန်ုပ်တို့ဟာ မျှော်လင့်ချက်ကို တွေ့အောင် ရှာဖွေကြရမယ်။ ကျွန်ုပ်တို့ လိုချင်တာ အခု မရသေးပေမယ့် စိတ်ဓါတ်မကျပါနဲ့။ စိတ်ဓါတ်ကျခြင်းဟာ ကျွန်ုပ်တို့ဘဝတွေကို ချိနဲ့စေပါတယ်။

ဒုတိယ - ဒေါသဆိုတာ မုန်းတီးခြင်းကိုမွေးဖွါးပေးတယ်။ မုန်းတီးခြင်းနဲ့အတူ အကြမ်းဖက်တာတွေ ပေါ်ထွက်လာလိမ့်မယ်။ အကြမ်းဖက်မှုဟာ အကြမ်းဖက်မှုကို ထုတ်ပေးလိမ့်မယ်။ ရက်စက်ကြမ်းကြုတ်မှုတွေနဲ့ အခုပြဿနာတွေကို ဖြေရှင်းလို့ မရပါဘူး။ အန္တရာယ်တွေ၊ ထိခိုက်နစ်နာမှုတွေ၊ ဒဏ်ရာတွေသာ ဖြစ်စေပါလိမ့်မယ်။ အကြမ်း မဖက်တဲ့ နည်းတွေနဲ့ အောင်မြင်တဲ့ တိုက်ပွဲဆင်နွှဲခဲ့တဲ့ မဟတ္တမ ဂန္ဒီ နဲ့ နယ်လ်ဆင်မန်ဒဲလားတို့ကို အတုယူဖို့ လိုပါတယ်။

တတိယ - မတူညီမှုတွေကြားမှာ သဟဇာတ ဖြစ်ခြင်း။ တရုတ်စကားပုံရှိ ပါတယ်။ ပင်လယ် လေးခုကြားမှာ နေထိုင်ကြသူတွေအားလုံးဟာ ညီအစ်ကို မောင်နမတွေဖြစ်ကြပါတယ်။ ခရစ်ယာန် ယုံကြည်ချက် အတိုင်း လူသားအားလုံးဟာ တူညီတဲ့ ဇစ်မြစ်ကလာတာပါ။ ကျွန်ုပ်တို့ဟာ တစ်ဦးကိုတစ်ဦး လေးစားဖို့လိုပါတယ်။ သဟဇာတ ဖြစ်ဖို့ဆိုရင် လူအများရဲ့ ဆန္ဒကို နားထောင်ဖို့လိုပါတယ်။ အများရဲ့ ဆန္ဒနဲ့ ကိုက်ညီတဲ့ ဥပဒေဟာ ကောင်းတဲ့ဥပဒေ ဖြစ်မှာပါ။ ယနေ့အလိုအပ်ဆုံးအရာက အစိုးရနဲ့ ပြည်သူအကြား ယုံကြည်မှု ပြန်လည် တည်ဆောက်ခြင်း ဖြစ်ပါတယ်။

ဟောင်ကောင်မြို့ကြီး ပြန်လည် သင့်မြတ် ဖို့အတွက် ငြိမ်းချမ်း ဖို့အတွက် ကျွန်ုပ်တို့ အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ အားလုံးဝိုင်းဝန်းကြိုးစားကြပါစို့။

Ref: Vatican News

# ဘုရားရှိခိုးကျောင်းသစ် ဘိသိက်မင်္ဂလာပေးခြင်းနှင့် ဦးပဥ္ဇင်းကြီးသိက္ခာခံယူခြင်း



ဟားခါးသာသနာ၊ ချောင်းခွဖုံ၊ ချောင်းခွရွာတွင် ဆောက်လုပ်ထားသောစိန့်မိုင်ကယ်ဘုရားရှိခိုး ကျောင်းသစ် ဘိသိက်မင်္ဂလာပေးခြင်းနှင့် မဏ္ဍားပူဇော်ခြင်း အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(၂၉) ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် ၎င်းဘုရားရှိခိုးကျောင်းသစ်၌ကျင်းပပြုလုပ်ခဲ့ပါသည်။ ဘုရားရှိခိုးကျောင်းသစ်အား ဟားခါးသာသနာပိုင် ဆရာတော်ကြီး Lucius Hre Kung က ဘိသိက်မင်္ဂလာပေးပြီး မဏ္ဍားပူဇော်ခြင်းတွင် ကလေးသာသနာပိုင် ဆရာတော်ကြီး Felix Lian Khen Thang မှ တရားရေအေး တိုက်ကျွေးပါသည်။

မဏ္ဍားပူဇော်ခြင်းနှင့်အတူ ဝေဘုလစီရင်စုမှ Br. John Ro Ling, ဒုတ်စီရင်စုမှ Br. William Ling Ghung, သန့်ဖိုစီရင်စုမှBr. Francis De Sales Se Khui Om စသောကိုရင်သုံးပါးတို့သည် ဟားခါးသာသနာပိုင် ဆရာတော်ကြီး Lucius လက်တော်မှ Deacon သိက္ခာကို ခံယူကြပါသည်။

စိန့်မိုင်ကယ် ဘုရားရှိခိုးကျောင်းသစ် ဘိသိက်မင်္ဂလာပေးခြင်း၊ ကိုရင်သုံးပါးတို့အား ဦးပဥ္ဇင်းကြီး သိက္ခာတင်ခြင်းနှင့် မဏ္ဍားပူဇော်ပေးခြင်းအခမ်းအနားသို့ ဟားခါးသာသနာပိုင် ဆရာတော်ကြီး Lucius, ကလေးသာသနာပိုင် ဆရာတော်ကြီး Felix, ချောင်းခွဖုံနယ်မှ မွန်ဆီညော် Fr. Jerome Hlawn Khawl နှင့်တကွ ဟားခါးနှင့် ကလေးသာသနာမှ ဘုန်းတော်ကြီးအပါး ၄၀ကျော်၊ သီလရှင်များ ၃၀ကျော်၊ ချောင်းခွနှင့်အနီးအနားရှိ ရွာများမှ ဘာသာဝင်များ၊ လေ့လာသူများ စုစုပေါင်း(၁၀၀၀)ကျော် ပါဝင်တက်ရောက်ကြပါသည်။ ဆရာတော်ကြီး Lucius သည် ချောင်းခွရှိ ဖာတီမာမယ်တော်ဂူသစ်ကိုလည်း ကောင်းချီးမင်္ဂလာပေးခဲ့ကြောင်းသိရပါသည်။

ညနေပိုင်းနှင့် ညပိုင်းတွင် ဘုရားရှိခိုးကျောင်းသစ်နှင့် ဦးပဥ္ဇင်းကြီး(၃)ပါးတို့အား ချောင်းခွဘာသာဝင်များမှ တည်ခင်းသောဂုဏ်ပြုညစာကို တက်ရောက်လာသူအားလုံးမှ အတူတကွ ရင်းနှီးပျော်ရွှင်စွာ သုံးဆောင်ခဲ့ကြပြီး ညပိုင်းတွင် ရိုးရာအကမျိုးစုံဖြင့် ဖျော်ဖြေပွဲကျင်းပကြောင်း Hakha RVA မှသတင်းရရှိပါသည်။

Norbert - OSC Hakha

# လားရှိုး ဂိုဏ်းအုပ်သာသနာ လားရှိုးမြို့၌ ကိုရင် (၃) ပါး ဦးပဥ္ဇင်းကြီး သိက္ခာခံယူ

လားရှိုးမြို့ရှိ ယေရှုးရွှေနှလုံးတော်ကာဒီဒြယ်ကျောင်းတော်ကြီး၌ ဘရာသာရ်များဖြစ်သည့် ဘရာသာရ် ပီတာဇော် ခါး၊ ဘရာသာရ် ဂျိုးဇက် တူးလွမ့်နှင့် ဘရာသာရ် မိုက်ကယ်တို့က သိုးထိန်းဆရာတော်ကြီးဖိလစ်ဇယ်ဟောင်း၏ လက်တော်မှ ဦးပဥ္ဇင်းကြီးသိက္ခာ (Deacon Ordination)ကိုလက်ခံရယူခဲ့ကြပြီဖြစ်ကြောင်းသိရသည်။

အောက်တိုဘာလ ၄ ရက်နေ့ နံနက် ၆ နာရီ မဏ္ဍားတရားတော်မြတ်တွင် ဆရာတော်ကြီးမှ ဦးပဥ္ဇင်းကြီးသိက္ခာကိုပေးအပ်တော်မူခဲ့ခြင်းဖြစ်သည်။

ဦးပဥ္ဇင်းကြီး ပီတာဇော်ခါးသည် လားရှိုးမြို့ရပ်ကွက် (၇) တွင် နေထိုင်သူအဖ ဦးရောဘတ် ပေါင်ဆားဂမ်နှင့် အမိဒေါ်ကာမေရ်လနန်အောင်တို့၏ သားဖြစ်၍ ဦးပဥ္ဇင်းကြီးဂျိုးဇက် တူးလွမ့်သည် လားရှိုးမြို့ လွမ်ခမ်းတိုက်နယ်တွင် နေထိုင်သူ အဖဦးယောဟန် ရှန်ထောန်နှင့် အမိဒေါ်လူစီလုတ်ဆိန်ယိန်းဆွမ့်တို့၏သားဖြစ်ပြီး ဦးပဥ္ဇင်းကြီး မိုက်ကယ် စောကြည်စောလောမ်မှာ လွမ်ခမ်းတိုက်နယ်တွင် နေထိုင်သူ အဖဦးဂျိုးဇက်စောစိုးငြိမ်းနှင့် အမိဒေါ်အက်စတာ လွမ်းနောတို့၏ သားရတာဖြစ်ကြသည်။

ကက်သလစ် အသင်းတော်တွင် ဦးပဥ္ဇင်းကြီး သိက္ခာတော်မြတ်သည် ရဟန်းသိက္ခာခံယူရန်ဖြစ်ပြီး ဦးပဥ္ဇင်းကြီး ၃ ပါးအတွက် ရဟန်းသိက္ခာခံယူရန်နေ့မြတ် မသတ်မှတ်ရသေးကြောင်းသိရသည်။

ဤကဲ့သို့ ဦးပဥ္ဇင်းကြီးသိက္ခာကိုခံယူသည့်အတွက် အင်မတန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရကြောင်း၊ ရဟန်းတစ်ပါး ဖြစ်လာပါက ဘာသာဝင်များ၏ ဝိညာဉ်ရေးအတွက် လမ်းညွှန်ပေးသွားမည် ဖြစ်ကြောင်းနှင့် အိမ်တိုင်ရာရောက် ဆုတောင်းပေးခြင်း၊ ကျမ်းစာမျှဝေခြင်း လုပ်ငန်းများကို ပိုမိုစိတ်ဝင်စားကြောင်း ဦးပဥ္ဇင်းကြီး ဇော်ခါးက လူထုဆက်သွယ်ရေး သတင်းဂျာနယ်သို့ ပြောသည်။

"ပထမဦးစွာ မိမိရဲ့ ဝိညာဉ်ကိုအရင် ကယ်တင်မယ်။ ပြီးတော့ ဘာသာတူတွေရဲ့ ဘဝကို ပြန်ကယ်တင်မယ်လို့ ခံယူထားတယ်။ ဒီကင်က အိမ်တွေကိုသွားပြီး ဆုတောင်းပေးခြင်း၊ တရားစာသင်ပေးခြင်း၊ ကျမ်းစာဝေမျှတာတွေ စိတ်ဝင်စားတယ်" လို့ သူကပြောသည်။

ဦးပဥ္ဇင်းကြီးမိုက်ကယ်စောကြည်စောလောမ်မှလည်းပညာရေးအပိုင်းကိုစိတ်ဝင်စားမှုရှိပြီး ပညာသင်ကြားရန် အခက်အခဲရှိသူများအား အထူး ကူညီပေးသွားမည်ဟု ပြောကြားခဲ့ပါသည်။



"အရမ်းပျော်ပါတယ်။ ရှေ့ဆက်မှာ ဘာတွေဖြစ်လာမလဲ၊ ကိုယ်က ဘယ်လောက်ထိ လုပ်နိုင်မလဲစတာတွေအတွက် ကြိုးစားနေပါတယ်။ တောင်ပေါ်ဒေသတွေမှာရှိကြတဲ့ ဘာသာတူတွေရဲ့ ဝိညာဉ်ရေးအတွက် လမ်းပြချင်တယ်၊ ကူညီပေးချင်တယ်"လို့ ဦးပဥ္ဇင်းကြီးဂျိုးဇက် တူးလွမ့်က သူ၏ ခံယူချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

မေရီနူး

Photo – Lashio OSC

# စိန့်ဗင်းဆင့်အသင်းအကြောင်း မိတ်ဆက်ပေးခြင်းနှင့်သစ်ပင်စိုက်ပျိုးခြင်း

အပြည်ပြည်ဆိုင်ရာ စိန့်ဗင်းဆင့် လူငယ်များပွဲတော် အထိမ်းအမှတ်အဖြစ် မန္တလေးသာသနာ လူငယ်များအား စိန့်ဗင်းဆင့်အသင်းအကြောင်းမိတ်ဆက်ခြင်းနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ပြင်ဦးလွင်မြို့ စိန့်အာလွိုက်ရှက် အခြေခံ ရဟန်းဖြစ်သင်ကျောင်း၌ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့က လုပ်ဆောင်ခဲ့ရာ မန္တလေးမြို့ပေါ်ရှိ သာသနာအုပ်စုအသီးသီးမှ လူငယ် (၂၀)ယောက်နှင့်အတူ MCYC လူငယ်ဒါရိုက်တာ Rev. Fr.Nay Kyaw Lwin လည်း အတူတကွ ပါဝင်တက်ရောက်ခဲ့ပါသည်။

စိန့်ဗင်းဆင့် လူငယ်ဆက်သွယ်ရေးတာဝန်ခံ အိမွန်မြင့်မောင်မှ Christus-Vivit နှင့်စပ်လျဉ်း၍ စိန့်ဗင်းဆင့်လူငယ်များခေါ်တော်မူခြင်းကို ဝေမျှခဲ့ပါသည်။

ChristusVivit (Christ Is Alive)

ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်မှ "Christ Is Alive" စာချွန်တော်ထဲတွင် ငယ်ရွယ်သော သခင်ခရစ်တော်နှင့် ထိတွေ့ရန်လူငယ်များကို တိုက်တွန်းထားပါသည်။

စာချွန်တော်၌ " သခင်ခရစ်တော်သည်ရှင်သန်သည်။ ထိုကဲ့သို့လူငယ်များကိုလည်းသခင်ခရစ်တော်သည် ရှင်သန်စေလိုသည်။ " (CV -1)

ပုပ်ရဟန်းမင်းကြီး၏ စာချွန်တော်ထဲ၌ လူငယ်မောင်မယ်များသည် အသင်းတော်၏ ပစ္စုပ္ပန်ဖြစ်၍ လူငယ်များ၏ပါဝင်လုပ်ဆောင်မှုသည် အလွန်အရေးပါကြောင်းများကို " မအိမွန်မြင့်မောင်မှ အကျယ်အဝင့်



ရှင်းလင်းဝေမျှပေးခဲ့ပါသည်။

မနန်းမွန်အေးမှလည်းစိန့်ဗင်းဆင့်အကြောင်းကို လူငယ်များအား အကျယ်တဝင့်ရှင်းလင်းပြောပြခဲ့ပါသည်။

ဦးဉာဏ်လင်းဦးမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာကို ဝေမျှခဲ့ပါသည်။

ဒေါ်ခင်ညိုအေးမှ စိန့်ဗင်းဆင့်အသင်းဝင်များ၏ စိတ်ဓာတ်၊ Vincentian Spirituality စတဲ့အကြောင်းများကိုလူငယ်များအားအကျယ်တဝင့်ရှင်းလင်းဝေမျှခဲ့ပါသည်။

စိန့်ဗင်းဆင့် အကြောင်းများအား ဝေမျှပြီးသည့်နောက် တက်ရောက်လာသော လူငယ်မောင်မယ်များထဲမှ စိန့်ဗင်းဆင့် လူငယ်ဆက်သွယ်ရေး တာဝန်ခံတစ်ဦးကိုရွေးချယ်ခဲ့ရာ မန္တလေးကက်သလစ်သာသနာလုံးဆိုင်ရာ လူငယ်ကော်မရှင်အဖွဲ့ဝင်ထဲမှ မပင်ကီအား မန္တလေးသာသနာအုပ်စုကောင်စီ စိန့်ဗင်းဆင့် လူငယ်ဆက်သွယ်ရေး တာဝန်ခံအဖြစ် ရွေးချယ်ခဲ့ပါသည်။

ညနေပိုင်းတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သည့် အနေဖြင့် မိုင်နာကျောင်းဝင်းအတွင်း သစ်ပင်များကိုစိုက်ပျိုးခဲ့ပြီးအခမ်းအနားကိုအောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

Pinky ( MDY-OSC )

# မြန်မာနိုင်ငံလုံးဆိုင်ရာလူငယ်ညီလာခံ၌ပါဝင်မည့်စကားဝိုင်းဆွေးနွေးပွဲအတွက်မန္တလေးကက်သလစ်ဂိုဏ်း ချုပ်သာသနာမှ ဝင်ရောက်ဆွေးနွေးမည့် လူငယ်တာဝန်ခံဘုန်းတော်ကြီးနှင့် လူငယ်ကိုယ်စားလှယ်ရွေးချယ်သည့်စည်းဝေးပွဲကျင်းပ



မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ကော်မရှင်မှ ဦးစီးကျင်းပမည့် ကက်သလစ်လူငယ်ညီလာခံ၌ ပါဝင်မည့် (Panel Discussion ) စကားဝိုင်းဆွေးနွေးပွဲအတွက် မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာမှ လူငယ်တာဝန်ခံ ဘုန်းတော်ကြီးများ၊လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံစည်းဝေးပွဲကို ၂၀၁၉ ခုနှစ်အောက်တိုဘာလ (၄)ရက်နေ့ ကချမ်းသာကုန်းစိပ်ပုတီးမယ်တော်ကျောင်းဝင်းအတွင်း၌ ပြုလုပ်ခဲ့ပါသည်။

စကားဝိုင်းဆွေးနွေးပွဲ၌ ဂိုဏ်းချုပ်သာသနာကိုယ်စားပြု လူငယ်တစ်ဦးသာပါဝင်ရမည်ဖြစ်ပါသည်။ မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာ ကိုယ်စားပြုဆွေးနွေးပြောဆိုရန်အတွက် အစည်းအဝေး၌ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ ဟားခါး၊ ဖလမ်း၊ ကလေးသာသနာ လူငယ်ခေါင်းဆောင်များထဲမှ လူငယ်ညီလာခံ စကားဝိုင်းဆွေးနွေးပွဲ၌ ဝင်ရောက်ဆွေးနွေးရန် မြစ်ကြီးနားသာသနာမှ မ နောနှင်ချယ်ရီအား မန္တလေးဂိုဏ်းချုပ် သာသနာလုံးဆိုင်ရာ လူငယ်ကိုယ်စားပြုအနေဖြင့် ရွေးချယ်ခဲ့ကြပါသည်။ လူငယ်တာဝန်ခံ ဘုန်းတော်ကြီးများထဲမှ ကလေးသာသနာမှ Fr. Joseph ပေါင်လန်ခန်းအားရွေးချယ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ကော်မရှင်မှ တာဝန်ခံ ဘုန်းတော်ကြီးနှင့် လူငယ်များသည် ယခုတပတ်အတွင်း သာသနာအသီးသီးသို့ သွားရောက်လျှက် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများကိုလုပ်ဆောင်လျှက်ရှိနေပါသည်။၎င်းတို့သည် တောင်ကြီးဂိုဏ်းချုပ်သာသနာ (၅)ခုအတွင်းမှ လူငယ်တာဝန်ခံဘုန်းတော်ကြီးများ၊ လူငယ်ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့ပြီး မန္တလေးသို့ ထွက်ခွာလာခဲ့ကြခြင်းဖြစ်ပါသည်။ မန္တလေးမှ ဘားအံသာသနာသို့ ခရီးဆက်ကြမည်ဟုလည်း သိရှိရပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ကော်မရှင်မှ ဦးစီးကျင်းပမည့် ကက်သလစ်လူငယ်ညီလာခံ (MNCYF) ကြီးအား ၂၀၁၉ ခုနှစ် နိုဝင်ဘာလ(၂၆)ရက်နေ့မှ (၂၉)ရက်နေ့ထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဟုသိရှိရပါသည်။

Photos News – Pinky

# ၂၀၁၄၊ ၂၀၁၅ ခုနှစ် ရဟန်းသိက္ခာခံယူကြသော ကက်သလစ်ဘုန်းတော်ကြီးများ Ongoing Formation သင်တန်းပြုလုပ်

၂၀၁၄၊ ၂၀၁၅ခုနှစ် ရဟန်းသိက္ခာခံယူသော ကက်သလစ် ဘုန်းတော်ကြီးများ Ongoing Formation Program ကို အောက်တိုဘာလ (၁၀) ရက်နေ့မှ (၁၇) နေ့ထိ ပုသိမ်၊ မရမ်းချောင်းတွင် ပြုလုပ်ခဲ့သည်။

ဤအစီအစဉ် သင်တန်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာ၂၀၁၄၊ ၂၀၁၅ ရဟန်းသိက္ခာခံယူသော ကက်သလစ်ဘုန်းတော်ကြီးများစုစုပေါင်း (၁၈)ပါးတက်ရောက်ခဲ့ကြသည်။ Ecclesiastical Commission for Clergy, ECC, Chairman Bishop Stephen (Bishop of Loikaw), Bishop John နှင့် ECC members ဖြစ်ကြသော Fr. Henry Ei Klay, Fr. Cyprian Aung Win (Rector of Major Seminary, Yangon), Fr. HagyinusMyintSoe, Fr. Simon Tin Maung, Fr. Vinny (SJ), နှင့် Sr. Ada (SFX) တို့လာရောက်သင်ကြားပို့ချပေးကြသည်။

သင်ကြားပို့ချခြင်းများတွင် အဓိကဘာသာရပ်များသည် Psycho Spirituality, ဆုတောင်းခြင်း အသက်တာ၊ မိမိကိုယ်ကို ပြန်လည်စစ်ဆေးခြင်းနှင့် Spiritual Concealing များပါဝင်ပါသည်။

ဤအစီအစဉ်၏ရည်ရွယ်ချက်သည် လေးငါးနှစ်အတွင်း ဖြတ်သန်းခဲ့သော အတန်းဖော် ရဟန်းသူငယ်ချင်းများနှင့် ပြန်လည်တွေ့ဆုံကာ မိမိတာဝန်ယူ ဆောင်ရွက်နေသော သာသနာအမှု လယ်ကွင်းတွင်တွေ့ကြုံခဲ့ရသော အတွေ့အကြုံများ အချင်းချင်း ပြန်လည်ဝေမျှခြင်းနှင့်အတူ ယခုမိမိ၏ရဟန်းအသက်တာပြန်လည်စစ်ဆေးပြီးလာမည့်အနာဂတ်ကိုခွန်အားယူခရီးဆက်သွားရန်ဖြစ်ပါသည်။



Mawlamyine – OSC.

# တောင်ကြီးစိန့်မိုင်ကယ်ရဟန်းဖြစ်သင်ကျောင်း (၂၀၁၉-၂၀၂၀)ခုနှစ် ပညာသင်နှစ်



ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ ရှုခင်းသာလမ်းတွင် တည်ရှိသော စိန့်မိုင်ကယ်ရဟန်းဖြစ်သင်ကျောင်း၏ (၂၀၁၉-၂၀၂၀) ခုနှစ် ပညာသင်နှစ်သို့ တက်ရောက်ရန်အတွက် သာသနာအသီးသီးမှ ကိုရင်ရဟန်းလောင်းများသည် (၂၀၁၉)ခုနှစ် မေလ (၂၅) ရက်နေ့တွင် ရောက်ရှိလာကြပါသည်။ မေလ (၂၇) ရက်နေ့မှ (၃၀) ရက်နေ့အထိ ကျောင်းဆောင်သန့်ရှင်းရေးများကိုလုပ်ဆောင်ပြီး၊ မေလ (၃၀)ရက်နေ့မှ ဇွန်လ (၁) ရက်နေ့အထိ General Introduction ကိုစတင်ပါသည်။

ရဟန်းဖြစ်သင်ကျောင်း၏ Residental Professors များမှာ Fr.Callistus Saw Eh Mwee (Rector), Fr.Gregory Thai Hla(Disciplianarian)နှင့် Fr.Christopher Raj (Spiritual Director) တို့ဖြစ်ကြပါသည်။

၂၀၁၉-၂၀၂၀ ခုနှစ်တွင် တက်ရောက်သော ရဟန်းလောင်းများမှာ စုစုပေါင်း (၂၉)ပါးဖြစ်ပြီး၊ ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ(၂)ပါး၊ မန္တလေးဂိုဏ်းချုပ်သာသနာမှ (၂)ပါး၊ ကျိုင်းတုံ ဂိုဏ်းအုပ်သာသနာမှ (၃) ပါး၊ ကလေးဂိုဏ်းအုပ်သာသနာမှ (၉) ပါး၊ မြစ်ကြီးနား ဂိုဏ်းအုပ်သာသနာမှ (၆)ပါး၊ လွိုင်ကော် ဂိုဏ်းအုပ်သာသနာမှ (၁) ပါး၊ တောင်ငူဂိုဏ်းအုပ်သာသနာမှ (၁) ပါး၊ ဖယ်ခုံဂိုဏ်းအုပ်သာသနာမှ (၁)ပါး၊ မော်လမြိုင်ဂိုဏ်းအုပ်သာသနာမှ (၁) ပါး၊ လားရှိုးဂိုဏ်းအုပ်သာသနာမှ(၁)ပါးနှင့် Little Way Missionary of St.Threse မှ (၂)ပါးတို့ဖြစ်ကြသည်။

ရဟန်းလောင်းကျောင်းသားများအား Visiting professors များမှာ PIMI ဘုန်းတော်ကြီးများနှင့် သီလရှင်များလာရောက်သွန်သင်ပေးပါသည်။ (June (2-8) အထိ Fr. Robert (PIME) Opening retreat ၊ Fr.Barnabas (PIME) မှ June (10-14) ထိ Lectio Divina၊ June (17-21)ထိ Prayers of the Psalms၊ Fr. Patrick မှ June (24-28) ထိ Introduction Process Discernment ၊ Fr. Gianni Criveller မှ July (1-12) ထိ The Ordinated Ministry in the Church Today စသဖြင့် အသီးသီး သွန်သင်ပို့ချပေးခဲ့ကြသည်။

Fr. Franco Bellati (PIME) မှ ဇူလိုင် (၁၅ မှ ၁၆ ထိ) Spirituality and Catechism of CC ကိုလည်းကောင်း၊ Fr. Alberto Caccro (PIME) မှ (ဇူလိုင်၂၉ မှ ဩဂုတ် ၉ ထိ) Mystery of Christ ကိုလည်းကောင်း၊ Sr. Lucia Heinpai (Francis) မှ ( ဩဂုတ် ၁၂ - ၁၆ ထိ) Psycho – Spiritual Integration-1ကိုလည်းကောင်း၊ Fr. Enrico Fidanza (PIME) မှ (ဩဂုတ် ၁၉ - ၂၃ ထိ) Psycho – Spiritual Integration-2 ကိုလည်းကောင်း၊ ပို့ချပေးခဲ့ကြသည်။ ထို့ပြင် Fr. Maurizio Arioldi (PIME) မှ ( ဩဂုတ် ၂၆ မှ စက်တင်ဘာ ၆ ထိ) Eucharist ကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ Sr. Maria Goreti (Charity) က (စက်တင်ဘာ ၉-၁၃ ထိ) Psychological dynamics ကိုလည်းကောင်း၊ Msgr. John Dale မှ ( အောက်တိုဘာ ၃-၈ ထိ ) Retreat ကိုပို့ချမည်ဖြစ်ပြီး Dr. Valeria Spelta (Italy) မှ (နိုဝင်ဘာ ၄-၁၅ ထိ) Critical Thinking ကို လာရောက်ပို့ချ သင်ကြားပေးသွားမည်ဖြစ်သည်။

Second Semester အတွက် Fr.Enrico (PIME) မှ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းသင်ကြားသွားမည်ဖြစ်ပြီး Fr. Callistus မှ " Growing in the Chirst : Basic Principles of Spirituality" ကိုလည်းကောင်း၊ Fr.Gregory မှ " History of Spirituality of Catholic Tradition" ကိုသင်ကြားပေးမည်ဖြစ်ပြီး Fr. Christopher မှ "Spiritual Theology , Prayer" ကိုသင်ကြားပေးသွားကြမည်ဖြစ်သည်။

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် Bishop John Saw Yaw Han မှ Final Retreat ကိုလာရောက် ဦးဆောင်ပေးမည်ဖြစ်ကြောင်းသိရသည်။

ကိုရင်၊ ရဟန်းလောင်းများ စားသောက်ရေးအတွက် ဆက်ကပ်၍ဦးဆောင်လုပ်ပေးနေသောသီလရှင်များမှာ Sr. Valentina Berty (SFX) နှင့် Sr. Cecilia Assumpta Ma Aye (SFX) တို့ဖြစ်ကြပါသည်။

Taunggyi-OCS



# ပုသိမ်ဂိုဏ်းအုပ်သာသနာ ဘုန်းတော်ကြီးများ နှစ်ပတ်လည် ဝတ်စောင့်ခြင်း



ပုသိမ်ဂိုဏ်းအုပ် သာသနာ ရဟန်းတော်များ နှစ်ပတ်လည် ဝတ်စောင့်ခြင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက် မှ ၂၅ ရက်ထိ ပုသိမ်မြို့ စိန့်ပီတယ် ကာသီဒြယ် ကျောင်းဝင်း သာသနာ့ ခန်းမတွင် အောင်မြင်စွာ ပြုလုပ်ခဲ့ပါသည်။

ဤ ဝတ်စောင့်ခြင်းကို ဦးဆောင်ပေးသူမှာ ဖိလစ်ပိုင်နိုင်ငံ၊Passionate ဂိုဏ်းမှ Fr. Gwen B.Barde CP ဖြစ်ပါသည်။ နှစ်ပတ်လည် ဝတ်စောင့်ခြင်းတွင် ရဟန်းတော်များသည် " VESTIGIA DEI; Re tracing God's Footprints in Shepherding" ခေါင်းစဉ်ဖြင့် Fr. Gwen မှ ဝေငှပြီး ဝိညာဉ်ရေးရာများ ထောက်ရှုခဲ့ကြပါသည်။ အဖဆရာတော် ဂျွန်မန်းဆိန်းဟိုမှ အောက်တိုဘာလ ၂၁ ရက် ညနေ ၅ နာရီတွင် မစ္ဆားတရားဖြင့် ဤဝတ်စောင့်ခြင်းကို အစပြုခဲ့ပါသည်။

ရဟန်းတော်များသည် ဝတ်စောင့်နေစဉ်အတွင်း ဝိညာဉ်ရေးရာများ ထောက်ရှုခြင်း၊ ဆိတ်ငြိမ်ခြင်း၊ အတူတကွ စိပ်ပုတီးစိပ်ခြင်း၊ မစ္ဆားတရား ပူဇော်ခြင်း၊ မနက်မေတ္တာ၊ ညမေတ္တာများ ရွတ်ဆိုခြင်းဖြင့် ဘုရားနှင့် ပေါင်းစပ်မှုကို ပြုလုပ်ခဲ့ပါသည်။

ရဟန်းတပါးသည် ဝတ်စောင့်ခြင်းနှင့် ကင်းလျှင် စုံစမ်းနောက်ယှက်မှုကို ခံရတတ်ပါသည်။ ဝတ်စောင့်ခြင်းသည် ဘုရားနှင့် ပေါင်းစပ်ခြင်းဖြစ်သည်။ ဘုရားသခင်ထံမှ ပေးလာမည့်ဆုကို တောင်းခံခြင်းဖြစ်သည်။ ဘုရားနှင့် များများပေါင်းစပ်နိုင်မှ သာသနာ့လယ်ကွင်းတွင် ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဝတ်စောင့်ခြင်းသည် ရဟန်းတစ်ပါးအတွက် အရေးကြီးဆုံးအရာ တစ်ခုဖြစ်ပါသည်။

ဤ ဝတ်စောင့်ခြင်းတွင် ပုသိမ်သာသနာမှ ရဟန်းတော်များ ၉၀ ပါး တက်ရောက်ပါဝင်ကြပါသည်။ ဝတ်စောင့်ခြင်းအပြီးတွင် အဖဆရာတော်ဘုရားနှင့် ရဟန်းတော်များ အတူတကွ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ခဲ့ကြပါသည်။

ပုသိမ် ဂိုဏ်းအုပ်သာသနာ ရဟန်းတော်များနှစ်ပတ်လည်ဝတ်စောင့်ခြင်းတွင် ဆွမ်းအလှူရှင်၊ လုပ်အားအလှူရှင်၊ ဆုတောင်းမေတ္တာဖြင့် ကူညီပေးကြသော ဘာသာသူ တစ်ယောက်စီတိုင်းကို ပုသိမ် သာသနာမှ အထူးကျေးဇူးတင်ပါသည်။

OSC PATHEIN

# ပုသိမ်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ မိခင်များတွေ့ဆုံပွဲ



OSC Pathein

၂၀၁၉ ခုနှစ် ပုသိမ်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ မိခင်များတွေ့ဆုံပွဲကို အောက်တိုဘာလ ၁၂ ရက်မှ ၁၆ ရက်နေ့ထိ ပုသိမ်မြို့ မရမ်းချောင်း၊ မိုင်းနားဆင်မနာရီကျောင်းတွင် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ ဤပွဲတွင် ပုသိမ်ဂိုဏ်းအုပ်သာသနာ ဇုန် ၃ ဇုန် ( ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတ) မှ မိခင်များ ၄၀၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားကို ၁၂ ရက်နေ့ ညနေ ၆ နာရီခွဲတွင် အဖဆရာတော် ဂျွန်မန်းဆိန်းဟိုမှ အလံတင်ခြင်းဖြင့် အစပြုပြီး မိခင်များ သာသနာအလိုက် မိတ်ဆက်ကြပါသည်။ ဤဖွင့်ပွဲတွင် ကရင်ရေးရာဝန်ကြီး ဂွါမိုးမြတ်မြတ်သူလဲ ပါဝင်တက်ရောက်ပြီး မိခင်များအား အားပေးစကား ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး အခမ်းအနားကို ဆက်လက်ပြုလုပ်ကာ အောက်တိုဘာ ၁၃ ရက်နေ့တွင် အဖဆရာတော် ဘုရားမှ အဖွင့်မစ္ဆားကို ပူဇော်ခဲ့ပြီး Fr Henry အိုင်ခလိန်၊ Fr. Michael ဌေးဌေး၊ Fr. Paul၊ ကျန်းမာရေးအဖွဲ့မှ ဒေါက်တာ ဝေလင်းထွန်း၊ နိုင်ငံကျော်ရုပ်ရှင် ဟာသသရုပ်ဆောင် ဦးဗေလုဝ၊ လှိုင်ကော်ဂိုဏ်းအုပ်သာသနာ၊ အားနာအသင်းအဖွဲ့မှ စစ္စတာရီများ ၊ မိခင်များတို့က ခေါင်းစဉ် အသီးသီးဖြင့်ဝေငှကြပါသည်။

ညဘက်တွင် သာသနာအလိုက် ပြိုင်ပွဲများဖြင့် ဖျော်ဖြေကြပြီး အောင်တိုဘာ ၁၆ ရက်နေ့တွင် ပုသိမ်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ မိခင်များတွေ့ဆုံပွဲကို အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။

# ခရစ်ယာန် ဂိုဏ်းပေါင်းစုံ စုပေါင်း ဆုတောင်းပွဲ



ခရစ်ယာန်များ ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေး ဂိုဏ်းပေါင်းစုံ စုပေါင်း ဆုတောင်းပွဲ ပထမနေ့ကို ပုသိမ်မြို့ စိန့်ပီတယ် ဘုရားရှိခိုးကျောင်းတွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၂၈) ရက်နေ့၌ ကျင်းပ ခဲ့ပါသည်။

ဆုတောင်းပွဲကို ထိုနေ့ညနေ (၆) နာ ရီတွင် စတင်ခဲ့ရာ အဖွင့်ဆုတောင်းကို ဘုန်းတော်ကြီးမင်းမင်းမှ ဦးဆောင်ခဲ့သည်။ ထို့နောက် မွန်စီညော် ဝီးဖရက်မြင့်စိုးမှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကရင်ဝန်ကြီး ဂွါမိုးမြတ်မြတ်သူမှ ကျေးဇူးတင်နှုတ်ခွန်းဆက်စကား ပြောကြားသွားပါသည်။

ဆက်လက်၍ တက်ရောက်လာကြသောအသင်းတော်များမှ အလှည့်ကျ ဂုဏ်တော်တေးသီကျူးခဲ့ကြခြင်း၊ ကျမ်းစာတော်ဖတ်ရှုခြင်း၊ ဒေသနာတော်ဟောကြားခြင်း၊ အလှူတော်ငွေ ကောက်ခံဆက်ကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မွန်စီညော် ဝီးဖရက်မြင့်စိုးမှ အပိတ်ဆုတောင်းမေတ္တာ ပို့သခြင်းဖြင့် စုပေါင်းဆုတောင်းပွဲကို ရုပ်သိမ်းခဲ့ကြသည်။

နန့်ဂျူလိုင်အေး(ပုသိမ်)

# ပြည်လည်အသက်သွင်းလိုက်သောစိန့်ဗင်းဆင်းဒီပေါလ်ကူညီရိုင်းပင်း မြန်မာဖောင်ဒေးရှင်း

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၌ ၁၈၃၃ ခုနှစ်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သော ကက်သလစ်အသင်းတော် သာရေး၊ နာရေး၊ လူမှုရေး ကူညီရိုင်းပင်းရေး ဖောင်ဒေးရှင်း(Society of St. Vincent de Paul) က ၂၀၀၀ ခုနှစ်တွင် မြစ်ကြီးနားကက်သလစ် သာသနာတော်သို့ ရောက်ရှိလာခဲ့သည်။

မြန်မာနိုင်ငံကို ဆရာတော်ကြီးဘီဂန်ဒက် ဦးဆောင်ခြင်းအားဖြင့် ၁၈၈၃ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး ၉၊ ၁၀၊ ၁၈၈၃ ခုနှစ်၌ စိန်အန်နီကာဒီဒြယ် ရန်ကုန်ကို စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတွင် အဖွဲ့ပေါင်း ၁၉၁ ဖွဲ့ရှိကြောင်းသိရသည်။ နိုင်ငံတော်၏ ပြည်ထဲရေး ဝန်ကြီးဌာနမှ တရားဝင် အသိအမှတ်ပြုခဲ့သောအသင်းအဖွဲ့လည်း ဖြစ်သည်။

မြစ်ကြီးနား သာသနာတော် အတွင်း ယခင်က အခက်အခဲတစ်ချို့ကြောင့် လှုပ်ရှားမှု၊ အသက်ဝင်မှု မရှိခဲ့သော်လည်း ပြန်လည် အသက်သွင်း လှုပ်ရှားတော့မည် ဖြစ်ကြောင်းအောက်တိုဘာလ ၁၂ ရက်နေ့ စိန်ကိုလန်ဘန် ကာသီဒြယ် ၃ ထပ်ဆောင်တွင် သိုးထိန်းဆရာတော်ကြီးနှင့်အတူ မြစ်ကြီးနား၊ ဝိုင်းမော်၊ စီတာပူနှင့် ရှဒေါင်တိုက်နယ် ခေါင်းဆောင်များ၊ အသင်းသူအသင်းသားများက ကျင်းပခဲ့ကြသည်။

ရဟန္တာဗင်းဆင်း ဒီပေါလ်၏ အမည် နာမကိုအစွဲပြု၍ လူမှုရေးလုပ်ငန်းမှာ အင်မတန်ပင် ကောင်းမွန်ခြင်း ဖြစ်ကြောင်း၊ အဖွဲ့ဝင် အဖွဲ့သားများတက်ကြွစွာ ပါဝင်လှုပ်ရှားဖို့လိုအပ်ကြောင်း ဆရာတော်ကြီး ဖရန်စစ်ဒေါ်တန်က အစည်းအဝေးတွင် မိန့်ကြားတော်မူခဲ့သည်။

အဆိုပါ အစည်းအဝေးကြီးအရ နာယက ခေါင်းဆောင်ကြီးများ၊ တာဝန်ခံ ကျောင်းထိုင် ဘုန်းတော်ကြီးများ၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင် အဖွဲ့သား ၅၀ ဝန်းကျင်ဖြင့် ပြန်လည်လှုပ်ရှားသွားမည် ဖြစ်ကြောင်းသိရသည်။

စိန့်ဗင်းဆင်းဒီပေါလ်အသင်းဂိုဏ်းသည် ဆင်းရဲချို့တဲ့သူများအား ကူညီပေးခြင်း၊ ဘာသာဝင်များ၏ သာရေး၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသည့် အသင်းဖြစ်ကြောင်း ဒုဥက္ကဋ္ဌကြီး ဦးယောဟန်လဖွမ်ဘရန်ရှောင်က လူထုဆက်သွယ်ရေးသတင်းဂျာနယ်သို့ ရှင်းပြသည်။

အစည်းအဝေးတွင် စိန့်ဂျိုးဇက်ကွန်ဖရင့် (ဂျန်မိုင်ကောင့်) ၏ ဝိညာဉ်လမ်းညွှန်ဆရာကြီး ဟောင်းခေါင်း၊ ဒူကထောင်ရပ်ကွက်မှ ဆရာကြီးဇော်ခေါင်၊ မြို့သစ်ကြီးမှ ဘောစကိုလအောင်၊ ယုဇနရပ်ကွက်မှ ဆရာမဂျာလုံ၊ ဝိုင်းမော် ကျောင်းထိုင် ဘုန်းတော်ကြီးဂိုမ်းစ် ဖုန်ဒိန့်တို့မှ အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

† Society of St. Vincent de Paul
Neighbors helping neighbors.®
The Society of St. Vincent de Paul Helping neighbors in need since 1869

အဆိုပါ အသင်းအနေဖြင့် လက်တွေ့ လုပ်ငန်းပြန်လည် လုပ်ဆောင်နိုင်ရန် အတွက် လိုအပ်ချက်တစ်ချို့များ ပြင်ဆင်ဆောင်ရွက်နေပြီး ပြင်သစ်နိုင်ငံ အလှူရှင်များနှင့် ထပ်မံတွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

Society of St. Vincent de Paul အသင်းကို ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့နေကက်သလစ် လူငယ် (၇) ဦးတို့မှ ၁၈၃၃ ခုနှစ် ဧပြီလ (၂၃)ရက်နေ့တွင် စတင်ဖွဲ့စည်းသန္ဓေတည်ခဲ့ရာမှ ကမ္ဘာအနှံ့သို့ ပျံ့နှံ့ခဲ့သည်။

“ကိုယ်နှင့် နီးစပ်သူကို ကိုယ်နှင့်အမျှချစ်လော့” ဟူသော ခရစ်တော်၏ နှုတ်တော်ထွက်စကားကိုအစဉ်အောက်မေ့ သတိရပြီး မိမိတို့ရပ်ကွက်၊ အိမ်နီးနား ပတ်ဝန်းကျင်ရှိ မိသားစုများ၏ ဘဝ ရပ်တည်ရေးအတွက် “မရှိဆင်းရဲသား” များထံသွားရောက်ပြီးမည်သည့်အကျိုးကိုမှ မကြည့်ဘဲ ကူညီမှုပေးနေသောအဖွဲ့ဖြစ်ကြောင်းသမိုင်းတွင် ဖော်ပြထားသည်။

# ပုသိမ်သာသနာ စိန့် ဗင်းဆင်းဒီပေါလ်ပွဲနေ့ကျင်းပ



ပုသိမ် ကက်သလစ်သာသနာ ပုသိမ်မြို့ စိန့်ပီတယ် ဘုရားကျောင်းတွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၂၇) ရက်နေ့၌ စိန့်ဗင်းဆင်းဒီပေါလ်ပွဲနေ့ ကျင်းပပါသည်။

ထိုနေ့နံနက် (၆) နာရီ မဿားတရားတော်မြတ်တွင် ဘုန်းတော်ကြီး ဗင်းဆင်းနှင့်အတူ ရဟန်းတော် (၅)ပါးတို့မှ မဿားပူဇော်ပေးပါသည်။

ဘုန်းတော်ကြီး ဗင်းဆင်းမှ စိန့်ဗင်းဆင်းဒီပေါလ် အကြောင်းကို ဝေငှပေးခဲ့ပါသည်။ ဆက်လက်ပြီး စိန့်ဗင်းဆင်း အသင်းသူ အသင်းသားများမှ ဆက်ကပ်ပူဇော်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် ပေါင်မုန့်များကိုကောင်းချီးပေးပြီး မဿားတရားလာရောက် နာယူကြသော ဘာသာဝင်များအား ဝေငှပေးခဲ့ကြပါသည်။

ဘုရားကျောင်း အဆင်းတွင် အသင်းအဖွဲ့ဝင်များသည် မကျန်းမာသူများထံသို့ သွားရောက်ကြည့်ရှု အားပေးဆုတောင်းပေးပြီး ဆေးဘိုးနှင့် အာဟာရများကို လှူဒါန်းခဲ့ကြပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)

# တောင်ငူသာသနာ စိန့် ဗင်းဆင်းဒီပေါလ် အသင်းပွဲနေ့ လှုပ်ရှားမှု

တောင်ငူသာသနာ စိန်ဗင်းဆင်းဒီပေါလ်ပွဲနေ့အတွက်ဝတ်စောင်ခြင်း၊ ကျေးရွာတင် မဿားတရားတော်မြတ်နှင့် လူအိုလူနာများ (၃၀) တို့အား သွားရောက်ကြည့်ရှု လှူဒါန်းခြင်းကို ၂၀၁၉ခုနှစ် အောက်တိုဘာလ (၆) ရက်နေ့တွင် ယေရှုး ရွှေနှလုံးတော် ဘုရားကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြသည်။ အခမ်းအနားသို့ လိပ်သိုကွန်ဖရင့်၊ ဇလဲကွန်ဖရင့် နှင့် ကျေးမင်း ကွန်ဖရင့်တို့ ပါဝင်ကျင်းပခဲ့ကြ ပါသည်။

ငင်းအစီအစဉ်တွင် Rev. Fr. ဂျွန်ဗြိမ်းမင်းသူ နှင့် Sr. ဘက်နက်ဒက် မြတ်နှင်းနွယ်တို့မှ ဦးဆောင်ပို့ချခြင်း၊ တရားဟောဆုတောင်းခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။

မဿားတရားတော်မြတ် အပြီးတွင် လူမျိုး ဘာသာမရွေး အလှူရှင်များ ပေးလှူခဲ့သော အလှူပစ္စည်းများ သွားရောက်အားပေး၊ လှူဒါန်းခဲ့ကြပါသည်။ အခမ်းအနားသို့ (၆၀)ဦး ခန့်ပါဝင်ခဲ့ပါသည်။

ဒက်ဖူးမယ်(I.S.R.)



# အာရှသမ္မာတရား အသံလွှင့်ဌာန
# Radio Veritas Asia
# နှစ် ၅၀ ပြည့် ရွှေစင်ဂျူဘီလီ

၁၉၆၉ ၂၀၁၉

အာရှ သမ္မာတရား အသံလွှင့်ဌာနကို ၁၉၆၉ ခု ဧပြီလ ၁၁ ရက်နေ့တွင် ပထမဦးဆုံး ထုတ်လွှင့်ခဲ့သည်။

အသံလွှင့်ဌာနပေါ်ပေါက်လာရခြင်းမှာ ဒုတိယကမ္ဘာစစ် အပြီးတွင် အာရှတိုက်နိုင်ငံများတွင် ကွန်မြူနစ်စနစ်၏ လွှမ်းမိုးမှုကြောင့် ဘာသာရေး လွတ်လပ်ခွင့်များ ဆုံး`ရှုံးခဲ့ရသည်။ အထူးသဖြင့် ကက်သလစ်အသင်းတော်အား ရန်သူအဖြစ် ပစ်မှတ်ထား တိုက်ခိုက်သောကွန်မြူနစ်တို့၏ လက်အောက်တွင် ရှင်သန်ရသော ကက်သလစ်ခရစ်ယာန်များအား ခွန်အားပေးရန်၊ ဧဝံဂေလိ သတင်းကောင်းအား အာရှနိုင်ငံများတွင် ဆက်လက်ဟောပြောကြေငြာရန်ဖြစ်သည်။

အသံလွှင့်ဌာနတစ်ခုတည်ဆောက်ရန် အကြံအစည်ကို ၁၉၅၈ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ စိန့်သောမတ်စ် တက္ကသိုလ်၌ ကျင်းပသော အာရှ ဆရာတော်ကြီးအပါး ၁၀၀ ပါဝင်တက် ရောက်သည့် ညီလာခံတွင် တင်ပြဆွေးနွေး ခဲ့ကြသည်။ ထိုအကြံအစည်ကို ပုပ်ရဟန်းမင်းကြီး ပီအူး (၁၂) က လက်ခံခဲ့ပြီး၊ သူ့နောက်ဆက်ခံသော ဂျွန် (၂၃) က ကိုယ်စားလှယ်များ စေလွှတ်ကာ အကောင်အထည် ဖော်ခဲ့သည်။

အသံလွှင့်ဌာနကို တရုတ်ပြည်နှင့် အနီးဆုံးဖြစ်ပြီး အာရှတိုက်တစ်ခုလုံးတွင် တစ်နိုင်ငံတည်းသော ကက်သလစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံကို ရွေးချယ်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၏ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ဆန်းတော့စ်က သဘောတူခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် အာရှသမ္မာတရား ရေဒီယို အဖွဲ့ကို မနီလာမြို့၌ ဖွဲ့စည်း တည်ထောင်ခဲ့သည်။

အသံလွှင့်ဌာန တည်ဆောက် ရာတွင်လိုအပ်သော ငွေကြေးကို ဂျာမဏီ နိုင်ငံ အစိုးရနှင့် ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်တို့မှ ထောက်ပံ့ ကူညီရန် သဘောတူခဲ့ကြသည်။ အာရှတိုက်ရှိ ကက်သလစ်ဆရာတော်ကြီးများမှလည်း ဝိုင်းဝန်းကူညီကြမည်ဟု ကတိပြုခဲ့ကြသည်။

၁၉၇၀ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး ပေါလ် (၆) ၏ ဖိလစ်ပိုင် ခရီးစဉ်အတွင်း အသံလွှင့်ဌာန၏ စီမံအုပ်ချုပ်ရေးနှင့် လုပ်ငန်းများကို အာရှဆရာတော်ကြီးများ ညီလာခံအား အပ်နှင်းခဲ့သည်။

နှစ်ပေါင်းများစွာ သတင်းကောင်းကို သမရိုးကျ နည်းပညာဖြင့် ထုတ်လွှင့်ခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် အသံဖမ်းခြင်းကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြုလုပ်ခဲ့သည်။ ထိုစနစ်ကြောင့် အစီအစဉ်များကို ရေဒီယိုမှသာမက အင်တာနက် ဝဘ်ဆိုက်များမှလည်း နားဆင်နိုင်ခဲ့သည်။

၂၀၁၅ ခု အထွေထွေညီလာခံတွင် ရေဒီယိုအစား အင်တာနက်ဖြင့် အသုံးပြုရသော အွန်လိုင်း စနစ်ဖြင့်သာ အစီအစဉ်များကို ထုတ်လွှင့်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ ထိုအစီအစဉ်ကို ၂၀၁၉ ခုနှစ် ဧပြီလတွင် ကျင်းပမည့် အသံလွှင့်ဌာန၏ ရွှေစင်ဂျူဘီလီပွဲတော် အပြီးတွင် အကောင်အထည်ဖော်မည်ဟု အတည်ပြုခဲ့သည်။

ယခုအချိန်တွင် အာရှသမ္မာတရား ရေဒီယို အစီအစဉ်များကို ဝဘ်ဆိုက်နှင့် ဖေ့စ်ဘွတ် စာမျက်နှာများတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြသည်။

မြန်မာတိုင်းရင်းသားများအတွက် ဘာသာ စကား ၁၀ မျိုးဖြင့် အာရှသမ္မာတရား အစီအစဉ်များအား အွန်လိုင်းတွင် ဆက်လက် ထုတ်ဝေလျှက်ရှိပါသည်။ ထိုဘာသာစကားများမှာ ကချင်၊ ရဝမ်၊ လီဆူး၊ ကရင် (ပိုး၊ စကော) ချင်း (တီးတိန်၊ ဟာခါး၊ ဖလမ်း၊ မင်းတပ်)၊ ဗမာ တို့ဖြစ်သည်။ ဝင်ရောက်ကြည့်ရှုနိုင်သည့် လင့်ခ်များကို အောက်တွင် ဖော်ပြထားပါသည်။

http://www.rvasia.org/
https://www.facebook.com/RVAMyanmarService
https://www.facebook.com/rvakaren
https://www.facebook.com/rvapwokaren
https://www.facebook.com/RVAKachin
https://www.facebook.com/rvalisu
https://www.facebook.com/rvatedimchinservice
https://www.facebook.com/RVAHakhaChin
https://www.facebook.com/falamRVA/?ref=br_rs
https://www.facebook.com/rvamindat/?ref=page_internal
https://www.facebook.com/RVA-Rawang-271788436791459











# အထူးသာသနာပြုလဖွင့်ပွဲကို သာသနာ အသီးသီးတွင် ကျင်းပပြုလုပ်ခဲ့ကြသည်

၂၀၁၉ ခု အောက်တိုဘာလ (၁) ရက်နေ့၌ ခရစ်တော်ဘုရင် ဗဟိုဘုရားကျောင်းတော်ကြီးတွင် ဆရာတော်ကြီး စတီးဖင်း တျေးဖဲ အမှူးပြု၍ ရဟန်းတော်များ သီလရှင် ကိုရင်များ ဘာသာဝင်များနှင့် သာသနာပြု ကလေးသူငယ်များတို့သည် အထူးသာသနာပြုလ ဖွင့်ပွဲကို တခမ်းတနား ကျင်းပခဲ့ပါသည်။

ဤအထူးသာသနာပြုလ၏ ဖွင့်ပွဲကို တောင်ကြီး၊ တောင်ငူ၊ ဘားအံ၊ မြစ်ကြီးနားနှင့် ရန်ကုန် (စိန်လာဇရုး) စသောသာသနာအသီးသီးတွင်လည်း ကျင်းပပြုလုပ်ခဲ့ကြပါသည်။




လွိုင်ကော် ဂိုဏ်းအုပ်သာသနာ

အထူးသာသနာပြုလ ဖွင့်ပွဲအစီအစဉ်၌ ရဟန်းမင်းကြီးဆိုင်ရာ သာနာပြု အသင်းကို တည်ထောင်သူများနှင့် အသင်းများ၏ ရည်ရွယ်ချက် အကျဉ်းများ၊ အထူးသာသနာပြုလ၏ အမှတ်တံဆိပ် အဓိပ္ပါယ်ရှင်းလင်းချက်များနှင့် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ရှေးသာနာပြုများ၏ သာသနာပြုခြင်းဆိုင်ရာ ကြိုးပမ်းခဲ့ပုံအကျဉ်းချုပ်များအား ဗီနိုင်းများဖြင့် ပြင်ဆင်ချိတ်ဆွဲကာ သာသနာပြုခြင်းဆိုင်ရာ အသိတရားဝေငှပေးခြင်းနှင့် ဟောကြား သက်သေခံခြင်း၊ ဒေသခံ ဓမ္မအာဇာနည်ဗိမ္မာန်သို့ ဘုရားဖူးသွားခြင်း၊ သာသနာပြန့်ပွားရေး ပုတီးစိပ်ခြင်းနှင့် "ရေ မှဖွားသော စေတမန်လေးများ" သီချင်းအား ဂုဏ်ပြုသီဆိုခြင်းများကို ထည့်သွင်းလုပ်ဆောင်ခဲ့ကြောင်း သိရှိရပါသည်။

အောက်တိုဘာလအတွင်း၌လည်း သာသနာပြု ကလေးသူငယ်များအသင်းမှ လှုပ်ရှားမှုမျိုးစုံဖြင့်ခမ်းနားစွာကျင်းပခဲသည်။


ဘားအံ ဂိုဏ်းအုပ်သာသနာ


မြစ်ကြီးနား ဂိုဏ်းအုပ်သာသနာ


တောင်ငူ ဂိုဏ်းအုပ်သာသနာ

# မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်ကြီး မာကုတင်ဝင်း ဂိုဏ်းပေါင်းစုံသူတော်စင်များ နှင့် တွေ့ဆုံဆွေးနွေး



မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်ကြီးမာကုတင်ဝင်းသည် ၂၀၁၉ ခုနှစ် စက်တင်လာလ (၂၈) ရက်နေ့က မန္တလေး သာသနာအတွင်း၌ လာရောက် သာသနာပြုနေကြသောအသင်းဂိုဏ်းအသီးသီးမှ သူတော်စင်များနှင့် တွေ့ဆုံဆွေးနွေးမှုတစ်ခုကိုလုပ်ဆောင်ခဲ့ပါသည်။

ဆရာတော်ကြီးမှ ယခုခေါ်တွေ့ရခြင်းသည် Religious များဘက်မှ မန္တလေးသာသနာအတွင်း သာသနာပြုလုပ်ငန်းများလုပ်ဆောင်ရာမှာ အခက်အခဲများ ရှိပါက တင်ပြဆွေးနွေးကြဖို့ရန်နှင့် မန္တလေးသာသနာတော်ကြီး အဘက်ဘက်မှ တိုးတတ်လာရေးအတွက် မန္တလေးသာသနာအတွင်း သာသနာပြုလျှက်ရှိသော အသင်းဂိုဏ်းအသီးသီးမှ သူတော်စင်များကမိမိတို့လက်ရှိလုပ်ဆောင်နေကြသော လုပ်ငန်းများအပြင် သာသနာအတွင်းရှိ သာသနာအုပ်စုများနှင့် အတူတကွ ပူပေါင်း၍ ဝိညာဉ်လမ်းညွှန်မှုဆိုင်ရာများမှာ ဦးဆောင် ပေးစေလိုသည့် အကြောင်းများကိုလည်း ထည့်သွင်းပြောကြားခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုကို နေ့လည်ပိုင်း၌ အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။

Pinky ( MDY-OSC )

# ထွယ်ဆန်ယန်ကျေးရွာ၌ လုဒ်မယ်တော်ဂူ ဖွင့်လှစ်ပွဲကျင်းပ



မြစ်ကြီးနား ဂိုဏ်းအုပ်သာသနာ၊ ဧရာဝတီမြစ်အရှေ့ဖက်ရှိ ဝိုင်းမော်ဘုန်းတော်ကြီး တိုက်နယ်အတွင်းရှိ ထွယ်ဆန်ယန်ကျေးရွာ၌ ခမ်းနားတင့်တယ်လှပသော လုဒ်မယ်တော်ဂူ ဖွင့်လှစ်ပွဲကို စက်တင်ဘာလ (၁၂)ရက်နေ့က ကက်သလစ်ဘုရားကျောင်းဝင်းတွင်ပြုလုပ်ကျင်းပခဲ့ကြသည်။

အဆိုပါ ပွဲတော်သို့ ဝိုင်းမော်ကျောင်းထိုင် ဘုန်းတော်ကြီး ဂျိမ်းဇုတ်ဒွေါဖိန်းဒိန့်နှင့်အတူ ဘုန်းတော်ကြီးဂျိုးဇက်ဂျာယော် (ကရုဏာဒါရိုက်တာ)၊ ဦးပဥ္စင်းကြီးတပါး၊ ကိုရင် ဘရာသာရ်တစ်ပါး၊ ဝိုင်းမော်ကျောင်းထိုင်သီလရှင် စစ္စတာရ် တစ်ပါးနှင့်အတူ ဘာသာဝင်လူဦးရေ ၃၀၀ ဝန်းကျင်တက်ရောက်ပါဝင်ခဲ့ကြသည်။

အဆိုပါ မယ်တော်ဂူသစ်ကို မြစ်ကြီးနားတက္ကသိုလ် သမိုင်းဌာန (History Department of Myitkyina University)မှ ကထိက ဒေါက်တာရယ်ဂျီးနား မေရီလဟာကော့နန်မှ လှူဒါန်းခြင်း ဖြစ်ပြီး သံ၊ သွပ်နှင့် ခေါင်မိုးကိုဖားကန့်မြို့မှ ဦးခင်မောင်ညွန့်နှင့် ဒေါ်ရှရော့ရွယ်ဂျီး မိသားစုတို့မှ ပါဝင်လှူဒါန်းထားခြင်း ဖြစ်ကြောင်းသိရသည်။ ရပ်နီးရပ်ဝေးမှ အလှူရှင်များ၊ ကျွဲ၊ နွားအလှူရှင်များလည်း ပါဝင်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း ကော်မတီဥက္ကဋ္ဌ ဆရာဦးပေါလ်လုတူးလွမ့်ထံမှသိရသည်။

ထွယ်ဆန်ယန် ကျေးရွာအား မယ်တော်သခင်မ အထူးကွယ်ကာစောင့်ရှောက်သော ကျေးရွာဖြစ်လာကြောင်း၊ မယ်တော်သခင်မထံ ကိုးစားဆုတောင်းခြင်းဖြင့် မိမိတို့ လိုရာဆန္ဒများ ပြည့်စုံမည်ဖြစ်ကြောင်းနှင့် မယ်တော်သခင်မသည် သခင်ယေရှုး၏ မိခင်ဖြစ်သည်သာမက ကမ္ဘာလောက၌မယ်တော် သခင်မ၏ သချိုင်းဟူ၍ မရှိဘဲဘုရားသခင်၏ထူးကဲသော စီမံချက်တွင် ပါဝင်သော တစ်ဦးတည်းသောမိခင် ဖြစ်တော်မူကြောင်း ဘုန်းတော်ကြီး ဂျိမ်းဇုန်ဒိန့်က ဩဝါဒ မိန့်ကြားတော်မူခဲ့သည်။

ထို့အပြင် ဘုန်းတော်ကြီး ဂျိုးဇက်ဂျာယော်မှလည်း ထွယ်ဆန်ယန် ကျေးရွာတွင် ယခင်က ကျောင်းဆရာဘဝဖြင့် နေထိုင်ခဲ့ဖူးကြောင်း၊ ယခုမယ်တော်ဂူဖွင့်ပွဲနေ့တွင် ပြန်လည်တွေ့ဆုံခြင်းတို့ကြောင့် ဝမ်းသာအားရ ကျေနပ်မိသလို ဘုရားသခင်ကို အထူး ကျေးဇူးတင်ရှိပါကြောင်း ရင်တွင်းစကားမိန့်ကြားခဲ့သည်။

ထို့အပြင် ဝွေထူဌာနေ ပြည်သူ့စစ်ခေါင်းဆောင်ကြီးဦးလဆန်အောင်ဝါနှင့်အတူအဖွဲ့ဝင်များ၊ မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ထွယ်ဆန်ယန် ကျေးရွာ အနီးတစ်ဝိုက်ရှိ အသင်းတော် ခေါင်းဆောင်များလည်းတက်ရောက်ခဲ့ကြသည်။

ဌာနေပြည်သူ့စစ်ခေါင်းဆောင်ကြီး ဦးလဆန်အောင်ဝါမှလည်းကချင်လူမျိုးများအနေဖြင့် ဝိညာဉ်ရေး၊ ဘာသာရေးနှင့်အဖက်ဖက်တွင် တိုးတက်မြင့်မားလာဖို့ အထူးလိုအပ်ကြောင်း၊ လူမျိုးပျောက်ကွယ်သွားမည်ကို စိုးရိမ်စရာတွေမြင်ရကြောင်း၊ ခေတ်သစ်စီးပွားရေးဉာဏ်ပညာဖြင့် လုပ်ငန်းလုပ်ကိုင်ဖို့ လိုအပ်ကြောင်းနှင့် မယ်တော်ဂူသစ်ရရှိခြင်းကြောင့် အထူးပင် ဝမ်းသာအားရမိကြောင်း လူထုပရိသတ်အား ပြောကြားခဲ့သည်။

ဂုဏ်ပြုခြင်း အစီအစဉ်၌ ကျောင်းထိုင် ဘုန်းတော်ကြီးနှင့်အတူ ခေါင်းဆောင်ကြီးများအား ကချင်ရိုးရာ ထမင်းပလိုင်းတို့ဖြင့်ဂုဏ်ပြုခြင်း၊ အလှူရှင်များအား မှတ်တမ်းလက်မှတ်ပေးအပ်ခြင်း၊ ကချင်ရိုးရာသံစုံအဖွဲ့တို့မှဖျော်ဖြေခြင်းနှင့် ထွယ်ဆန်ယန်မိခင်များမှ တေးသီချင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေခြင်းများပါဝင်ခဲ့ကြသည်။

မယ်တော်ဂူသစ်ဖွင့်လှစ်ခြင်း မစ္ဆားတရားတော်မြတ်ကြီးကို နံနက် ၁၀ နာရီအချိန် စတင်ခဲ့ကြပြီး မစ္ဆားတရား မစတင်မီ ကျောင်းထိုင်ဘုန်းတော်ကြီးမှ မယ်တော်ဂူသစ်ကို ဖဲကြိုးဖျက် ဖွင့်လှစ်ပေးခဲ့သည်။

ထို့အပြင် ကလေးငယ် (၅) ဦးတို့ကလည်း ကျောင်းထိုင်ဘုန်းတော်ကြီး၏လက်တော်မှ ဆေးကြောခြင်းမင်္ဂလာတော်မြတ်ကြီးကိုခံယူခဲ့ကြလေသည်။

ဂျွန်ဆိုင်းလတ်အောင် (ဒွမ်ဘုန်းခ)



မျက်နှာဖုံးမှ

၁၉၉၆ ခု ဧပြီလ ၂၁ ရက်နေ့တွင် ဆလေးရှင်း ရဟန်းတစ်ပါး အဖြစ် သိက္ခာခံယူခဲ့သည်။

ရဟန်းတပါးအဖြစ် နာဇရက် ရဟန်းဖြစ်သင်ကျောင်းတွင် စည်းကမ်းထိန်း၊ ဘဏ္ဍာထိန်း၊ လက်ထောက်ကျောင်းအုပ်၊ ကျောင်းအုပ် အဖြစ် တာဝန်များ ထမ်းဆောင်ခဲ့သည်။

လာရှိုးသာသနာ 'ဝ' ပြည် သာသနာနယ်တွင် ၂၀၁၂ မှ ၂၀၁၇ အထိ သာသနာပြုခဲ့သည်။

လက်ရှိတွင် ပြင်ဦးလွင်မြို့ ဆလေးရှင်း ဒဿနိကဗေဒ ရဟန်းဖြစ် သင်တန်းကျောင်းတွင် ကျောင်းအုပ် အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသည်။

CBCM - OSC

# St. Theresa of Child Jesus ပွဲနေ့ကို ဟားခါးမြို့ St. Charbel ဘုရားရှိခိုးကျောင်းတွင်ကျင်းပခြင်း

St. Theresa of Child Jesus ၏ ပွဲနေ့ဖြစ်သော St. Theresa လမ်းစဉ်သွယ် သီလရှင် အသင်းဂိုဏ်း၏ ပွဲနေ့ကိုအောက်တို ဘာလ(၁)ရက် - အင်္ဂါနေ့တွင်ဟားခါး စီရင်စု၊ ချင်းဦးစီးရပ်ကွက်တွင်တည်ရှိသော St. Charbel ဘုရားရှိခိုးကျောင်း၌ ညနေ ၄း၃၀ နာရီအချိန်တွင် မစ္ဆားပူဇော်ခြင်းဖြင့် ကျင်းပခဲ့ပါသည်။

၎င်းပွဲနေ့၏ မစ္ဆားပူဇော်ခြင်းကို ဟားခါးသာသနာပိုင် ဆရာတော် Lucius Hre Kung အမှူးပြုသော ဘုန်းတော်ကြီး အပါး (၂၀)တို့ကပြုလုပ်ကြပါသည်။

ပွဲနေ့သို့ဟားခါးမြို့နှင့် မနီးမဝေး တွင်အမှုတော် ထမ်းဆောင်နေကြသော St. Theresa လမ်းစဉ်သွယ် သီလရှင် ၂၀ ပါးကျော်၊ စီရင်စုအသီးသီးမှ ကျောင်းထိုင် ဘုန်းတော်ကြီး(၁၈)ပါးနှင့် ဟားခါးမြို့ပေါ်မှ ဘာသာဝင်များစုစုပေါင်း ၅၀၀ ကျော် ပါဝင် မစ္ဆားပူဇော်ပေး ဆုတောင်းကြပါသည်။ မစ္ဆားတရား၌ သီလရှင်များက ကျမ်းစာ ဖတ်ခြင်း၊ ဆာလံသီချင်းကျေူးခြင်း၊ ယခင် ကပြုခဲ့သောဂတိသစ္စာများကို ဆရာတော် ၏ ရှေ့တော်၌အသစ် တဖန်ပြန်လည်သစ္စာ ပြုခြင်းများပြုလုပ်ကြပါသည်။

"St. Theresa လမ်းစဉ်သွယ်သီလရှင်အသင်းဂိုဏ်းကို လန်ဒန်အခြေစိုက် လမ်းစဉ်သွယ်အသင်းကို တည်ထောင်သူ မစ္စမေရီဒူဟန်းနှင့် ဆရာတော်ကြီး Nicholas Mang Thang တို့ တွေ့ဆုံညှိနှိုင်းပြီး နောက် ဆရာတော်ကြီးက ၁၉၉၇ ခုနှစ်၊ ဖွန်လတွင် ကလေးမြို့ရှိ St. Theresa လမ်းစဉ်သွယ်သီလရှင်အသင်း၏ ဗဟိုသင်တန်း ကျောင်းတွင် စတင် ဖွင့်လှစ်ခဲ့ပါသည်။ အသင်းနာမည်ကိုလည်း လီဆူးမြို့သူ St. Theresa ၏ဝိညာဉ်ရေးကျင့်စဉ်များကို အခြေခံပြုစုံထား၍ ကလေးသူငယ်ကဲ့သို့ဘုရားရှင်အပေါ် မိမိကိုယ်ကိုအကြွင်းမဲ့ ပုံအပ် ယုံကြည်သော စိတ်ဖြင့် တရားကျင့်ရန်အတွက်အခြေခံ၍ St. Theresa လမ်းစဉ်သွယ် သီလရှင်အသင်း"ဟုမှည့်ခေါ်ခဲ့ရလေသည်။




ယခုအခါဟားခါးသာသနာ၊ ကလေးသာသနာ၊ မန္တလေးသာသနာ၊ ရန်ကုန် သာသနာ၊ ဖိလိပိုင်နိုင်ငံနှင့် အခြားသောနေရာ အားလုံးပေါင်း(၃၈)နေရာတို့တွင် St.Theresa သီလရှင် ၂၀၄ ပါးတို့ အမှုတော်ထမ်းဆောင်နေကြကြောင်း၊ ဟားခါးသာသနာ နှင့်ကလေးသာသနာမှ သင်တန်းကျောင်း သုံးကျောင်းတို့တွင် Spiritual Year (၁၁) ပါးအပါအဝင် ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်တန်းသူ ၄၅ ယောက်ရှိကြောင်း၊အသင်း ဂိုဏ်း၏ဆောင်ပုဒ်မှာ "သေးငယ်သောအရာများကိုကြီးမားသောချစ်ခြင်းမေတ္တာဖြင့်လုပ်ဆောင်ခြင်း" ဖြစ်ကြောင်း ဟားခါးမြို့တွင် အမှုတော်ထမ်းဆောင်နေသူ St. Theresa ဂိုဏ်း Sister ကြီး Rose Virginie Cing Lan Vung မှ OSC သို့ပြောပြပါသည်။

မစ္ဆားပူဇော်ခြင်းအပြီး ဆရာတော်ကြီးသည် St. Charbel ဘုရားရှိခိုးကျောင်း ကျောင်းထိုင်ဘုန်းတော်ကြီး၏ နေအိမ်သစ်ကိုကောင်းကြီးမင်္ဂလာ ပေးပြီးနောက် St. Theresa အသင်းဂိုဏ်း သီလရှင်များမှ တည်ခင်းဧည့်ခံကျွေးမွေးသော ညနေစာကို ဘာသာဝင်များအားလုံးမှ ပျော်ရွှင်စွာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

Norbert Ca Ling (OSC - Hakha)

# Christus Vivit စာချွန်တော်ကို အခြေပြုသော ဆလေးရှင်းလူငယ်များ တွေ့ဆုံမွမ်းမံသင်တန်း



ဆလေးရှင်းလူငယ် လှုပ်ရှားမှု (SYM) သင်တန်းကို ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့ရှိ ဒွန်ဘော့စကို ရဟန်းဖြစ်သင် ကျောင်း၌ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပပြုလုပ်သွားခဲ့သည်။ ၎င်းသင်တန်းသည် တစ်နှစ် တစ်ကြိမ် ပြုလုပ်သော သင်တန်းဖြစ်ပြီး ယခုနှစ်မှာ တတိယကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်သည်။

ဒွန်ဘော့စကို၏ ဆလေးရှင်း များ (SDB) ဦးစီးဖွင့်လှစ် လှုပ်ရှားနေသော ကျောင်းအသီးသီးမှ လူငယ်များကိုစုရုံးပြီး တစ်ပိုင်တစ်နိုင် သင်တန်း စီစဉ်ပေးခြင်း လည်း ဖြစ်သည်။

အဆိုပါ သင်တန်းအတွင်း ၌ ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ် နှင့် ဆရာတော်ကြီးများကနေ လူငယ်များ၏ ညီလာခံတစ်ရပ်ကို ၂၀၁၈ ခုနှစ်က ပြုလုပ်ခဲ့ပြီး ထွက်ရှိလာသောစာချွန်တော် ဖြစ်သည့် "လူငယ်များ၊ ယုံကြည်ခြင်းနှင့် ခေါ်တော်မူခြင်းဆိုင်ရာ ဆန်းစစ်ခြင်း" ကို သင်တန်း ပထမနေ့၌ လည်းကောင်း၊ ပုပ်ရဟန်းမင်းကြီး၏ နောက်ဆုံးထွက်ရှိထားသည့် စာချွန်တော် (ChristusVivit) "ခရစ်တော်သည် အသက်ရှင်လျက် ရှိသည်" ကို ဒုတိယနေ့၌ လည်းကောင်း၊ ပုပ်ရဟန်းမင်းကြီး၏ ကမ္ဘာ့လူငယ်များနေ့ မိန့်ခွန်းစကားနှင့် ဆလေးရှင်း ဝိညာဉ်ရေးကျင့်စဉ်ကို တတိယနေ့၌ လည်းကောင်း၊ ဆလေးရှင်းဖာသာရ်များ၊ ဆလေးရှင်းစစ္စတာရ်များမှ အသီးသီး ဝေမျှပို့ချခဲ့ကြသည်။

အဓိကအားဖြင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ လူငယ်များအရေးနှင့် ပတ်သက်ပြီး ထုတ်ပြန်ခဲ့သည်များကို လူငယ်များနှင့် အတူလေ့လာဖတ်ရှုပြီး ခရစ်တော်သည် လူငယ်များ၏ ဘဝအသက်တာ၌လည်း သက်ဝင်လှုပ်ရှားလာစေရန် သင်တန်းပို့ချခဲ့ခြင်းဖြစ်သည်။

ထိုသင်တန်း၌ ရန်ကုန် လှိုင်သာယာ၊ ကလေးမြို့၊ အနီးစခန်း၊ သီပေါ၊ မန်ပန်၊ စံလောင်း၊ ဒေသအသီးသီးမှ လူငယ်များ စုစုပေါင်း (၁၅၀) ခန့် တက် ရောက်ခဲ့ကြပြီး၊ ဘုန်းတော်ကြီးများနှင့် သီ လရှင်များ အပါး (၂၀) ခန့် တက်ရောက် ပါဝင်ခဲ့ကြသည်။

သီကိုရှင်း

# စိန့်ဖရန့်စစ် ဖေးဗီးယား မူကြိုကျောင်း မိဘဆရာကန်တော့ပွဲ



ပုသိမ်ကက်သလစ်သာသနာ ပုသိမ်မြို့ စိန့်ပီတယ်ဘုရားကျောင်း သာသနာ့ ခန်းမဆောင်တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၆) ရက်နေ့နံနက် (၉)နာရီတွင် စိန့်ဖရန့်စစ်ဖေးဗီးယားမူကြိုကျောင်းမှ သားငယ်၊ သမီးငယ်များ၏ သီတင်းကျွတ် မိဘဆရာကန်တော့ပွဲ အခမ်းအနားကို ကျင်းပရာ ဦးစွာဘုန်းတော်ကြီး ဘော်စကို အောင်ထွန်းလေး မှ အဖွင့်ဆုတောင်းဖြင့် စတင်ပြီး ဖါသာရ် ပေါလ် မှဩဝါဒမြွက်ကြားပေးပါသည်။ ထို့နောက် ကျောင်းအုပ် စစ္စတာ ရိုဇားချယ်ရီမှ ကြိုဆိုနှုတ်ဆက်စကား ပြောကြားပါသည်။

သားငယ်၊ သမီးငယ်များမှ အဖွင့်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပေးကြပြီး မိဘ၊ ဆရာများအား လက်အုပ်ချီကန်တော့ ခဲ့ကြပါသည်။ ထို့နောက်ဆရာမတစ်ဦးမှ သားငယ်၊ သမီးငယ်များအား ဆု တောင်းမေတ္တာများ ပို့သပေးပါသည်။ မိဘများကိုယ်စား ဦးစိုးသီဟမှ ကျေးဇူးတင်စကား ပြောကြားပြီး ကလေးငယ်များ အားလက်ဆောင် ချီးမြှင့်ပေးပါသည်။

ကျောင်းအုပ် စစ္စတာ ရိုဇားချယ်ရီမှ ကျေးဇူးတင် စကား ပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)

# ကက်သလစ် ဆရာ၊ ဆရာမများ ဝတ်စောင့်ခြင်း နှင့် နှစ်ပတ်လည်အစည်းအဝေး



ပုသိမ်ကက်သလစ်သာသနာ ပုသိမ်မြို့စိန့်ပီတယ် ဘုရားကျောင်းတွင် ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၁၃) ရက်နေ့ နံနက် (၉) နာရီ၌ ပုသိမ်ကက်သလစ် ဆရာ၊ ဆရာမများ ဝတ်စောင့်ခြင်းကို ကျောင်းထိုင်ဘုန်းတော်ကြီး ဖိလစ် စိုးဝင်းမှ အဖွင့်ဆုတောင်းမေတ္တာဖြင့် အစပြုခဲ့ပြီး တက်ရောက်လာကြသော ဆရာ၊ ဆရာမများမှ အချင်းချင်း မိတ်ဆက် ကြပါသည်။

ဆက်လက်၍ ပုသိမ်ဂိုဏ်းအုပ်ဆရာတော် ဂျွန်မန်းဆိန်းဟိုမှ ဩဝါဒမြွက်ကြားပေးပါသည်။ ထို့ပြင် ဒုတိယပိုင်း ဩဝါဒကို ဘုန်းတော်ကြီး ဖလောရင့်စ် အောင်ကျော်ဦးမှ ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက်ဘုန်းတော်ကြီးဂျက်စတင်း ဦးဆောင်လျှက် ကိုယ်တော်မြတ်မြှောက်ခြင်းအစီအစဉ်ကိုပြုလုပ်ကြပြီးဝတ်စောင့်ခြင်းကိုအဆုံးသတ်ခဲ့ကြပါသည်။ တက်ရောက်လာကြသော ဆရာ၊ ဆရာမများမှ နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ပြုလုပ်ခဲ့ကြသည်။ စည်းဝေးပြီးနောက် နာမကျန်းဖြစ်နေသော အငြိမ်းစား ဆရာကြီး ဦးဂျိုးဂျိုးအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။ ယခုနှစ် ဆရာ၊ ဆရာမများဝတ်စောင့်ပွဲသို့ ဆရာ၊ ဆရာမ ဦးရေ (၄၀) ဦးတက်ရောက်ကြပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)

# မော်လမြိုင် သာသနာလုံးဆိုင်ရာဓမ္မဆရာ/မများ နှစ်ပတ်လည်ဝတ်စောင့်ခြင်းပြုလုပ်



မော်လမြိုင် သာသနာလုံးဆိုင်ရာ ဓမ္မဆရာဆရာမများ နှစ်ပတ်လည် ဝတ်စောင့်ခြင်းသည် မြိတ်၊ ဝါးချောင်းတိုက်နယ်တွင် ၂၀၁၉ အောက်တိုဘာလ ၂၃ရက်နေ့မှ ၂၅ ရက်နေ့ထိပြုလုပ်ခဲ့သည်။

ဤဝတ်စောင်းခြင်းသည် မော်လမြိုင် သာသနာလုံးဆိုင်ရာ ဓမ္မ ဆရာတာဝန်ခံ ဘုန်းတော်ကြီးဖါသာရ်ဟင်နရီမှ ကြီးမှူးဦးဆောင်ပြုလုပ်ပေးပါသည်။ ဝတ်စောင့်ခြင်းမှာ ဦးဆောင် ပို့ချပေးသောဖါသာရ်ဆူးစေးသည် ခေတ်သစ် သတင်းကောင်းဟောပြောမှု ခေါင်းစဉ်ဖြင့် ဝေမျှပေးခဲ့ပါသည်။ ဝတ်စောင့်ခြင်းတွင် ဓမ္မဆရာ/မ စုစုပေါင်း (၃၀) ဦး တက်ရောက်ပါဝင်ခဲ့ကြသည်။

ဝတ်စောင့်ခြင်း၏ ရည်ရွက်ချက်သည် ခရစ်တော်ရဲ့သတင်းကောင်းကို ခေတ်နှင့်အညီ ဟောပြောသက် သေခံနိုင် ရန်ဖြစ်ပါသည်။

Mawlamyine - OSC

# တောင်ကြီး သာသနာလုံးဆိုင်ရာ ကက်သလစ် လုပ်ငန်း တွေ့ဆုံနှီးနှောဖလှယ်စည်းဝေးခြင်း




သာသနာလုံးဆိုင်ရာကက်သလစ်လုပ်ငန်း တွေ့ဆုံနှီးနှောဖလှယ်ခြင်းစည်းဝေးပွဲကို တောင်ကြီး ကက်သလစ်ဂိုဏ်းချုပ်သာသနာ လွိုင်လင်၌ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၁ နှင့် ၁၂ ရက်များတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အောက်တိုဘာ ၁၁ ရက် ညနေ ၆ နာရီခွဲအချိန်တွင် ကျမ်းစာ ပလ္လင်တင်ခြင်း၊ ကျောင်းထိုင်ဘုန်းတော်ကြီး၏ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း၊ ဦးစိုင်းရှန်မှ ကက်သလစ်လုပ်ငန်းနှင့်စပ်လျဉ်းသည့်အကြောင်းများကို ဝေငှအားပေးခြင်း၊ တက်ရောက်လာကြသော တိုက်နယ်ကိုယ်စားလှယ်များ အချင်းမိတ်ဆက်ခြင်း၊ သမ္မာကျမ်းစာ အခြေပြု စိပ်ပုတီးစိပ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အောက်တိုဘာ ၁၂ ရက်နေ့တွင် ဆရာတော်ကြီး ဘာစီလျို အားသိုက်၊ ဒီကန်လေအို နှင့် ဆရာမဒေါ်သီတာဦးတို့၏ ဝေမျှချက်များ၊ နေ့လည်ပိုင်းတွင် စည်းဝေးခြင်း နှင့် ညပိုင်းတွင် ဦးစိုင်းရှန်မှ သမ္မာကျမ်းစာဝေမျှခြင်းတို့ပြုလုပ်ခဲ့ပါသည်။

U Sai Shen

# RADIO VERITAS ASIA (RVA) နှစ် ၅၀ ပြည့် ရွှေစင်ဂျူဘီလီပွဲတော်ကို ဟားခါးမြို့ St. Joseph Cathedral ၌ကျင်းပ



RADIO VERITAS ASIA, GOLDEN JUBILEE (1969-2019) - နှစ် ၅၀ ပြည့် ပွဲတော်ကြီးကို ဟားခါးသာသနာ၊ ဟားခါးမြို့၊ St. Joseph Cathedral ၌ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ(၁၆)ရက်၊ ဗုဒ္ဓဟူးနေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပကြပါသည်။ Jubilee မစ္ဆားကိုငင်းနေ့ညနေ ၄း၀၀ နာရီ အချိန် တွင် ဟားခါးသာသနာပိုင်ဆရာတော်ကြီး Lucius Hre Kung နှင့်အတူ၊ ဖိလစ်ပိုင်နိုင်ငံမှ ဂျူဘီလီပွဲအတွက် ကြွရောက်လာကြသော အထူးဧည့်သည်တော် Fr.George (FABC-OSC Executive Direc- tor), Fr. Victor (RVA-General Manager), Fr. Gabriel Tun Myint (RVA-Consultant)နှင့် ဟားခါးသာသနာမှ ဘုန်းတော်ကြီး (၂၀)ပါး တို့က ပူဇော်ပေးခဲ့ပါသည်။ ၎င်းမစ္ဆားတွင် မင်းတပ် RVA ဝိုင်းတော်သားများနှင့် သောတရှင် (၃၀)၊ ဖလမ်း RVA ဝိုင်းတော်သားများနှင့်သောတရှင်(၄၅)၊ တီးတိန် RVA ဝိုင်းတော်သားများ၊ ဟားခါး RVA ဝိုင်းတော်သားများ၊ သီလရှင်များ၊ ကက်သလစ်ဘော်ဒါကျောင်းသူ/ သားများ၊ ဘာသာဝင်များနှင့် ဖိတ်ကြားထားသူများ၊ လေ့လာသူများစုစုပေါင်း(၆၀၀)ကျော်တို့က ပါဝင်ဆုတောင်းပေးကြပါသည်။

Jubilee Missa အပြီးတွင် RVA ဝိုင်းတော်သားများမှ ပွဲခံ ဧည့်ခံကျွေးမွေးသော ဂျူဘီလီကောင်းချီး မင်္ဂလာညစာကို ပါဝင်သူများအားလုံး ပျော်ရွှင်စွာ အတူတကွ သုံးဆောင်ခဲ့ကြပါသည်။ ညပိုင်းတွင် RVA ဝိုင်း တော်သားများမှ တင်ဆက်သည့်ရိုးရာအကများ၊ RVA လှုပ်ရှားမှုသမိုင်းဟောကြားခြင်း၊ RVA လေလှိုင်းမှ Internet Online သို့ပြောင်းလဲပုံသမိုင်းဟောကြားခြင်း၊ RVA နှင့်ပတ်သက်သော အကြောင်းစုံအသိပေးခြင်း၊ အဆိုများဖြင့် ဖျော်ဖြေခြင်းများကိုဆက်လက်ရှုစားကြရပါသည်။

RVA နှစ် (၅၀) ပြည့် အမှတ်တရ အဖြစ် "SHARING CHRIST WITH GLOBAL ASIANS"ခေါင်းစဉ်ဖြင့်လက်ကမ်းစာစောင်များ ထုတ်ဝေခဲ့ရာ စာစောင်တွင် အောက်ပါအချက်များပါရှိကြောင်း တွေ့ရပါသည်။ "RVA ဟူသည် အာရှကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ ကြီးမှူးတည်ထောင်သော ဘာသာရေးဆိုင်ရာအသံလွှင့်ဌာနကြီးဖြစ်သည်။ ဆောင်ပုဒ်မှာ Jn 14:6 ဖြစ်သည်။ FABC ခေါ်အာရှဆရာတော်ကြီးများအဖွဲ့ချုပ်မှကြီးမှူး၍ ၁၉၅၈ ခုနှစ်ကစတင်ပြီး မနီလာမြို့ရှိ St. Thomas University ၏(DZST) အသံလွှင့်ရုံကိုသုံး၍ စတင်ဖွင့်လှစ်ခဲ့ပါသည်။ များမကြာမီ Jose Julu မိသားစုသည် Quezon City အတွင်းရှိမိမိပိုင်မြေ(၅)ဧကကို RVA - ဌာနချုပ်အတွက် လှူဒါန်းခဲ့ပါသည်။ ၁၉၆၉ ခုနှစ် ဧပြီလ (၁၁) ရက်နေ့တွင် Pope Paul VI ၏ကိုယ်စားလှယ် Antonio Cardinal Samore အမှူးပြုသော FABC သည် RVA အသံလွှင့်ရုံသစ်ကိုဖွင့်လှစ်ခဲ့ပြီး၊ ၁၉၆၉ ခုနှစ် ဧပြီလ (၁၁)တွင် မနီလာ Bishop Cardinal Sin နှင့်ဖိလစ်ပိုင်သမ္မတကြီး Ramos တို့မှကြီးမှူး၍ RVA အသံလွှင့်ရုံသစ်အား ဖွင့်လှစ်အတည်ပြုခဲ့သည်။

Zomi Chin အစီအစဉ်ရရှိလာခြင်းသမိုင်းမှာ အိန္ဒိယနိုင်ငံ Imphal သာသနာမှ Fr. Mark Thang Khan Ai နှင့်မြန်မာနိုင်ငံဟားခါးသာသနာမှ Fr. John Om Se တို့သည် မနီလာမြို့တွင်ပညာအတူ ဆည်းပူးနေခဲ့ကြစဉ် ၁၉၉၄ ခုနှစ်တွင် RVA သို့ သွားရောက်လေ့လာခဲ့ကြသည်။ Imphal Bishop Joseph Mitthatany နှင့်ဟားခါးသာသနာပိုင် Bishop Nicholas Mang Thang (ငြိမ်း)တို့၏ခွင့်ပြုချက်ဖြင့် Fr. Mark သည် ၁၉၉၄ မေလတွင် RVA သို့ Zomi Chin အစီအစဉ် ထည့်သွင်းခွင့်ပြုရန် လျှောက်လွှာတင်သွင်းခဲ့သည်။ ၁၉၉၅ခုနှစ်၊ အောက်တိုဘာလမှစ၍ Zomi Chin အစီအစဉ်သည် RVA တွင် 'စမ်းသပ်အစီအစဉ်' အမည်နာမတပ်ပေးခဲ့သည်။

၂၀၁၁-၂၀၁၉ ယနေ့အထိဟားခါးသာသနာ RVA (OSC)လှုပ်ရှားမှုတစ်ချို့မှာ 2010 ခုနှစ်၊ မေလ (၂၂)ရက်နေ့တွင် ဟားခါးသာသနာမှကလေးသာသနာခွဲထုတ်ပေးကြောင်း Pope Benidict XVI မှအမိန့်စာချွန်တော် ထုတ်ပြန်ခဲ့ပြီးနောက် RVA ဌာနကို Fr. Dominic Kung Teal မှ Director အဖြစ်တာဝန်ယူ ခဲ့ပြီး Fr. John Paul Mang Shing Yaw မှဆက်လက်တာဝန်ယူခဲ့ကာ Hakha Service Co-ordinator အဖြစ် Fr. Basil Hrang Cung, Fr. Philip Za Hei Lian, Fr. David Khin Hmung, Fr. Paul Kip Thawng (လက်ရှိတာဝန်ခံ)တို့မှ ယနေ့ အထိဆက်လက်သက်ဝင် လှုပ်ရှားလျက် ရှိပါသည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ(၇)ရက်နေ့မှစ၍ Radio - လေလှိုင်းအစီအစဉ်ဖြင့်အသံလွှင့်ခဲ့ရာမှ Internet Online အစီအစဉ်ဖြင့် နေ့စဉ် (၃၀)မိနစ်ပုံမှန်ထုတ်လွှင့်ခဲ့ရာ ယနေ့တွင်အကြိမ်ပေါင်း ၆၆၀ကျော်နှင့် နာရီပေါင်း (၄၁၆)နာရီထုတ်လွှင့်နိုင်ခဲ့ပြီးဖြစ်ပါသည်။

Radio လေလှိုင်းအစီအစဉ်ဖြင့် ၂၀၁၀ မှ ၂၀၁၇ ခုနှစ်အတွင်း "ဩဝါဒ၊ သတင်း၊ ဆောင်းပါး၊ မစ္ဆားတရား၊ အမေးအဖြေ၊ တွေ့ဆုံခြင်း၊ ပညာရေးနှင့်ကျန်းမာရေး၊ ယဉ်ကျေးမှု၊ သီချင်းစသည်ဖြင့်ကဏ္ဍ အမျိုးမျိုး ခွဲ၍ထုတ်လွှင့်ခဲ့ရာ အကြိမ်ပေါင်း(၃၁၁)၊ ဦးရေပေါင်း (၁၀၈၉)နှင့် နာရီပေါင်း (၄၃၃) နာရီထုတ်လွှင့်နိုင်ခဲ့ပါသည်" ဟူ၍စာစောင်ပါရှိသည်ကိုတွေ့ရှိပါသည်။

ဦးနော်ဘတ်ကျော်လင်း
OSC- ဟားခါး



အာရှသမ္မာတရား အသံလွှင့်ဌါန၏ နှစ် ၅၀ ပြည့် ရွှေစင်ဂျူဘီလီကို ထုတ်လွှင့်ရာ ဘာသာစကားအလိုက် နေရာများခွဲကာ ကျင်းပခဲ့ကြသည်။

တီးတိန်ဘာသာစကားအတွက် အောက်တိုဘာလ ၁၀ နှင့် ၁၁ ရက်များ၌ ကလေးမြို့တွင် လည်းကောင်း၊ မြန်မာဘာသာစကားပိုင်း အစီအစဉ်အတွက် အောက်တိုဘာလ ၁၈ နှင့် ၁၉ ရက်များတွင် မန္တလေးမြို့၌လည်းကောင်း၊ စကောကရင်ဘာသာစကားအတွက် အောက်တိုဘာ ၂၀ နှင့် ၂၁ ရက်များတွင် ဖားအံသာသနာ သိမ်ဆိပ်၌လည်းကောင်း၊ ပိုးကရင်ဘာသာစကားအတွက် အောက်တိုဘာလ ၂၄ နှင့် ၂၅ ရက်များတွင် ပုသိမ်မြို့၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ခဲ့သည်။





# ၂၀၁၉ ခုနှစ် အောက်တိုဘာလ (အထူးသာသနာပြု လ) ၏ လှုပ်ရှားမှု

## စိန်လာဇရုစ်သာသနာ အုပ်စု (ရန်ကုန်)

၂၀၁၉ ခုနှစ် အောက်တိုဘာလ (အထူးသာသနာပြုလ) ၏ လှုပ်ရှားမှုအနေနှင့် ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊ စိန်လာဇရုစ် ဘုရားကျောင်းတွင် ကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာရ်ဘက်နက်ဒစ်မှ ဦးဆောင်၍ စိန်အလွိုက်ရှက်စ်စစ္စတာရ်များ၊ ဘာသာတူများနှင့်အတူ အောက်တိုဘာလ ၇ ရက်နေ့၊ ည ၇ နာရီခွဲအချိန်တွင် သာသနာပြန့်ပွားရေး စိပ်ပုတီးကိုစိပ်ခဲ့ကြသည်။

ကမ္ဘာ့တိုက်ကြီး (၅) တိုက်တွင်နေထိုင်ကြသော လူသားအားလုံးနှင့် ထိုတိုက်ကြီး (၅) တိုက်တွင် သာသနာပြုနေကြသော သာသနာပြုများအားလုံးအတွက် ဆုတောင်း ပေးခဲ့ကြသည်။

စိန်လာဇရုစ် သာသနာ အနေနှင့် အောက်တိုဘာလ (၁)ရက်နေ့တွင် အထူးသာသနာပြုလ ဖွင့်ပွဲမဿားတရားတော်မြတ်နှင့်အစပြုခဲ့ပြီး၊ အောက်တိုဘာလ တစ်လလုံး နေ့စဉ် မဿားတရားမြတ် ပြီးသည်နှင့် ဘုန်းတော်ကြီး ဦးဆောင်သောအဖွဲ့နှင့် စိန်အလွိုက်ရှက်စ် စစ္စတာရ်များဦးဆောင်သောအဖွဲ့ နှစ်ဖွဲ့ခွဲကာ ဘာသာသူများအိမ်သို့သွားရောက်ကာ မိသားစုများနှင့်တွေ့ဆုံခြင်း၊ ဆုတောင်းခြင်း၊ စိပ်ပုတီးစိပ်ခြင်းများပြုလုပ်ကြသည်။

အောက်တိုဘာလ (၁၁) ရက်နေ့တွင် ဘုန်းတော်ကြီးမှဦးဆောင်၍မေရီလန်းသို့ ဘာသာတူများနှင့်အတူ ဘုရားဖူးခရီးစဉ်သွားရောက်ကြမည်ဖြစ်သည်။




ဗန်းမော် ဂိုဏ်းအုပ်သာသနာ၊ ရွှေ ကူတိုက်နယ်မှ သာသနာပြုကလေးသူငယ် များသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလ (အထူးသာသနာပြုလ) တွင် ဘာသာတူ အိမ်များသို့ သွားရောက်ကာ စိပ်ပုတီးစိပ်ဆုတောင်းခြင်းများပြုလုပ်ကြသည်။




တောင်ငူသာသနာ အတွက်အထူး သာသနာပြုလဖွင့်ပွဲကို လိပ်သိုတိုက်နယ်၊ လိပ်သိုမြို့ ရွှေနလုံးတော် ဘုရားကျောင်း တော်၌ ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ နံနက် ပိုင်းတွင် သမ္မာကျမ်းစာတော်မြတ်အား ပြန်လည်ထောက်ရှု ရှိသေဂါရဝပြု ခြင်းကို ရဟန်းတော်များနှင့်ဘာသာတူများစီတန်းလျက် သမ္မာကျမ်းစာပလ္လင်တင်ခြင်း အခမ်း အနားနှင့်အတူ မဿားတရားတော်မြတ်ကို တင်ပူဇော်ကာ ညနေ (၅) နာရီ အချိန်တွင် သာသနာပြန့်ပွားရေးစိပ်ပုတီးကိုမယ်တော်ဂူ ရှေ့တွင် အတူတကွ စိပ်ခဲ့ကြပါသည်။ ပါဝင်သူများ(၅၀၀) ကျော်ရှိပါသည်။

ဒက်ဖူးမယ်(I.S.R.)



တောင်ငူသာသနာ၊ ယာဒိုတိုက်နယ် ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု ကလေးသူငယ်များအသင်း သင်တန်းကို အထူးသာသနာပြုလအောက်တိုဘာ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၁၀-၁၄) ရက် အထိ ယာဒိုကျေးရွာ ကက်သလစ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ၎င်းသင်တန်း ကို PMS ဒါရိုက်တာ ဖါသာရ် ဇေးဗီးယား ဝင်းမောင်၊ တာဝန်ခံ စစ္စတာ ဘက်နက်ဒက် မြတ်နှင်းနွယ်၊ စစ္စတာ ဘက်နက်ဒက်တာ တင်တင်မြင့် (PMSရုံး CBCM) ၊ စစ္စတာ ရို့မေရီ၊ ဆရာမ ဒေါ်လွီးဇာ၊ ဆရာမဒေါ်ခရစ္စတီးနာ၊ ဆရာမ ဒေါ်အားတင့်၊ ဆရာမ ဒေါ်ချယ်ရီဦး နှင့် တိုက်နယ်တာဝန်ခံများတို့မှ ဝေမျှပို့ချပေးပြီး ကျောင်းထိုင် ဘုန်းတော်ကြီး ဖါသာရ် ဂျွန်ဇော်ဝမ်းနှင့် လက်ထောက် ဖါသာရ် မာတေးအို တို့မှ မဿားတရားတော်မြတ်ကို ဦးဆောင်ပေးကာ တရားရေအေး တိုက်ကျွေးပေးခဲ့ကြပါသည်။ ပါဝင်တက်ရောက်သူ (၁၃၇) ဦး ရှိပါသည်။

ဒက်ဖူးမယ်(I.S.R)



၂၀၁၉ အောက်တိုဘာလ ( အထူးသာသနာပြုလ) တွင် CBCM - PMS ရုံးအဖွဲ့သည် ဗန်းမော်ဂိုဏ်းအုပ်သာသနာသို့သွားရောက်ကာ အထူးသာသနာပြုလ၏ ထောက်ရှုစဉ်းစားရမည့် ခေါင်းစဉ်ဖြစ်သော Baptised and Sent ခေါင်းစဉ်နှင့်ပက်သက်၍ ဝေမျှခြင်း၊ ရဟန်းမင်းကြီးဆိုင်ရာသာသနာပြုအသင်းများ (PMS) အကြောင်းနှင့် ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြုကလေးသူငယ်များအသင်း (MCA) အကြောင်းများကိုဝေမျှပို့ချပေးခဲ့သည်။ အောက်တိုဘာလ (၉)ရက်နေ့တွင် နန့်လှိုင်ကျေးရွာရှိ စိန်မိုက်ကယ်ဘုရားကျောင်းတွင် ဓမ္မဆရာ/ဆရာမ (၁၅၀)ဦးနှင့်လည်းကောင်း၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် နန့်လင်းပါတိုက်နယ်၊ မိုင်းခေါင်ကျေးရွာရှိ စိန်လုကာဘုရားကျောင်းတွင် ကလေးသူငယ် (၁၈၀) ကျော်နှင့်လည်းကောင်းတွေ့ဆုံ၍ အထက်ပါအကြောင်းအရာများကိုဝေမျှခဲ့သည်။



# PMS ရုံးအဖွဲ့ အထူးသာသနာပြုလအတွက် သာသနာပြုခရီးစဉ်



မြန်မာပြည် ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု အသင်းများ (PMS) ရုံးအဖွဲ့မှ ၂၀၁၉ အောက်တိုဘာလ (အထူးသာသနာပြုလ) အတွက် သာသနာပြုခရီးစဉ်အဖြစ် ဂိုဏ်းအုပ်သာသနာရှိ တိုက်နယ်များသို့ သွားရောက်ခဲ့သည်။

သာသနာပြုခရီးစဉ် တွင် (PMS) ရုံး၏ National director Fr.B. Ne Ne မှ ဦးဆောင်၍ တိုက်နယ်အသီးသီးမှ ကလေး သူငယ်များ ဓမ္မဆရာ/ဆရာမများ၊ ဘာသာ သူများနှင့် တွေ့ဆုံ၍ မစ္ဆားတရား တော်မြတ်နှင့်အတူတကွ ဆုတောင်းခြင်း၊ အထူး သာသနာပြုလ၏ ခေါင်းစဉ်ဖြစ်သော Baptised and sent ခေါင်းစဉ်နှင့် ပက်သက် ၍ ဝေမျှ ဟောကြားခြင်း၊ PMS (ရဟန်းမင်း ကြီးဆိုင်ရာ သာသနာပြုအသင်းများ) အကြောင်းနှင့် ပက်သက်၍ ရှင်းပြခြင်း၊ ရဟန်းမင်းကြီး ဆိုင်ရာ သာသနာပြု ကလေး သူငယ်များ အသင်းအကြောင်း ဝေမျှခြင်းနှင့် အသင်းဖွဲ့ စည်းပေးခြင်း၊ သာသနာပြန့်ပွား ရေး စိပ် ပုတီးစိပ်ကာ ဆုတောင်းပေးခြင်းများ ပြုလုပ် ခဲ့သည်။

အောက်တိုဘာလ (၁၀) ရက်နေ့ တွင် နန့်လှိုင်ကျေးရွာရှိ စိန်မိုက်ကယ်လ် ဘုရားကျောင်းတွင်ဓမ္မဆရာ/ဆရာမ(၁၅၀) ကျော်နှင့်လည်းကောင်း၊ အောက်တိုဘာ လ(၁၁) ရက်နေ့တွင်၊ မိုင်းခေါင်းကျေးရွာ၊ နန့်လင်းပါတိုက်နယ်ရှိ စိန်လုကာ ဘုရား ကျောင်းတွင် ကလေးသူငယ် (၁၈၀) ကျော် နှင့်လည်းကောင်း၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် လိုင်ဇာတိုက်နယ် ဂျေယန်း စခန်းတွင် ကလေးသူငယ်နှင့် ဓမ္မဆရာ/ ဆရာမ (၅၅၀) ကျော်တို့နှင့်လည်းကောင်း၊ ဒွန်မ်ဘုံစခန်းရှိ စိန်လုကာဘုရားကျောင်း တွင် ကလေးသူငယ်နှင့် ဘာသာတူ (၈၀) တို့နှင့်လည်းကောင်း၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင် အင်န်ခေါင်းပါစခန်းတွင် ကလေးသူငယ်နှင့် ဘာသာတူ (၁၀၀)ခန့် နှင့်လည်းကောင်း၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် စိန်၏ပက်ထရစ် ကယ်သီဒြယ် တွင် ကလေးသူငယ် (၇၀၀) ခန့်နှင့်လည်း ကောင်း၊ မိုးမောက်တိုက်နယ် စိန်ပက်ထရစ် ဘုရားကျောင်းတွင် ကလေးသူငယ် (၃၀၀) ခန့်နှင့်လည်းကောင်း သွားရောက်တွေ့ဆုံ ဝေမျှခြင်းများ ပြုလုပ်ခဲ့သည်။

CBCM-PMS Office



# ကျိုင်းတုံကက်သလစ်သာသနာလုံးဆိုင်ရာ သာသနာပြုကလေးသူငယ်များ သင်တန်း အမှတ်စဉ် (၃)

၂၀၁၉ ခုနှစ် ၏ အထူး သာသနာပြုလဖြစ်သည့် အောက်တိုဘာလတွင် ၁၇ မှ ၂၀ ရက်များအတွင်း ကျိုင်းတုံ ကက်သလစ်သာသနာလုံးဆိုင်ရာ သာသနာပြု ကလေးသူငယ်များ သင်တန်း အမှတ်စဉ် (၃) ကို ကျင်းပခဲ့ပါသည်။

သင်တန်း တက်ရောက် လာသူများနှင့် လုပ်အားပေးအားလုံး စုစုပေါင်း အယောက် 700 ရှိခဲ့ပါသည်။

သင်တန်းအတွင်း ပို့ချခဲ့သည့် ဘာသာရပ်များမှာ အထူးသာသနာပြုလ ဖြစ်သည့် အောက်တိုဘာလ အကြောင်း နှင့် အတူ ဆေးကြောခြင်းခံယူသူတိုင်း၌ သာသနာပြုရန် တာဝန်ရှိကြောင်း၊ သမ္မာကျမ်းစာတော်မြတ်ဆိုင်ရာ၊ ကလေးသူငယ်များနှင့် ဖုန်းအန္တရာယ်၊ လူကုန်ကူးမှု ဆိုင်ရာ အကြောင်း၊ အလုပ်သမားများဆိုင်ရာ ဗဟုသုတ နှင့် စားသုံးသူ ရေးရာအကြောင်းများ စသည် တို့ဖြစ်သည်။

သာသနာပြု ကလေးသူငယ် တစ်ဦး တွင် တာဝန် ၄ ခုရှိသည်။

(၁) နေ့စဉ် ခမည်းတော် သားတော် တို့ရန်
(၂) နေ့စဉ် ဂုဏ်ကျေးဇူးတော် မေတ္တာ တစ်ကြိမ် ဆိုရန်
(၃) လစဉ် ကျပ် ၁၀၀ စုရန် နှင့်
(၄) အမှိုက်ကောက်ရန်တို့ ဖြစ်ကြသည်။

ဘားချဲ့ သာသနာအုပ်စု၊ နမ့်ပန်း သာသနာအုပ်စု၊ မိုင်းလား သာသနာအုပ်စု၊ သီရိ သာသနာအုပ်စု နှင့် မိုင်းဆတ် သာသနာအုပ်စု တို့သည် လမ်းခရီး အခက် အခဲကြောင့် သင်တန်းသို့ တက်ရောက် ပါဝင်နိုင်ခြင်း မရှိခဲ့ပါ၊ ဤအကြိမ် မတက်ရောက် နိုင်ခဲ့သော်လည်း နောင်အမှတ်စဉ် (၄) တွင် တက်ရောက်ပါဝင်နိုင်လိမ့်မည်ဟု မျှော်လင့် ပါသည်။



ဤကဲ့သို့ သင်တန်းကို အောင်မြင်စွာ ကျင်းပခွင့် ပေးသနားေ တော်မူသည့် အတွက် ဘုရားရှင်အား ကျေးဇူးတင်အပ်ပါသည်။ ကျိုင်းတုံကက်သလစ်သာသနာပိုင်ဆရာတော်နှင့်အတူ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ကလေးမိဘများ၊ အလှူရှင်များ၊ နည်းအမျိုးမျိုးဖြင့် လုပ်အားပေးသူများ၊ ကလေးသူငယ်များ အယောက်တိုင်းစီအား အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။



# လှိုင်ကော်မြို့တွင် သာသနာပြန့်ပွားရေး တနင်္ဂနွေပွဲတော် ကျင်းပ



အောက်တိုဘာလ (၁၃) ရက်တွင် လှိုင်ကော်သာသနာ လှိုင်လင်လေးတိုက်နယ် သာသနာပြုကလေးသူငယ်များ တနေ့တာ ဆုတောင်းခြင်းနှင့် တွေ့ဆုံခြင်းသို့ တိုက်နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ ကလေးပေါင်း (၂၄၈) ဦး တက်ရောက်ပါဝင်ခဲ့ပြီး ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြုကလေးသူငယ်များအသင်းအကြောင်း သိကောင်းစရာ၊ သာသနာပြန့်ပွားရေး စိပ်ပုတီးအကြောင်းနှင့် သမ္မာကျမ်းစာနှင့် ကလေးသူငယ်များအကြောင်း ခေါင်းစဉ်အသီးသီးတို့ကို ဝေမျှပို့ချပေးခဲ့သည်။

လှိုင်ကော် ကက်သလစ်သာနာပိုင် ဒေါင်ခါးတိုက်နယ် ငြိမ်းချမ်းခြင်းသခင်မ ဘုရားကျောင်းတွင် စက်တင်ဘာ (၁၉) ရက်နေ့၌ ဒေါင်ခါး၊ တနန်းဥကွိုင်၊ ယူဆမိုဆို၊ ဆောင်ဒူနှင့် ဒေါရောက်ခူ တိုက်နယ်တို့ပါဝင်သော ဒေါင်ခါးဇုံသစ်ဖွင့်လှစ်၍ ဤဇုံအတွင်းမှ သာသနာပြု ကလေးသူငယ်များနှင့် ဘာသာသူများ ဝန်းရံကာ ဆရာတော်ကြီး စတီးဖင်းတေးဖဲ အမှူးပြု၍လည်းကောင်း၊ ခရစ်တော်ဘုရင် ဗဟိုဘုရားကျောင်း၌ VG ဘုန်းတော်ကြီး ချာလ်ဆိုဘရွှေ မှလည်းကောင်း သာသနာပြန့်ပွားရေးနေ့ မဿားတရားတော်ကို အောက်တိုဘာလ (၂၀) ရက်နေ့တွင်ပူဇော်ကြပါသည်။

မဿားတရားတော်မြတ် အပြီးတွင် ကလေးသူငယ်များအတွက် သာသနာပြုခြင်းဆိုင်ရာ သွန်သင်ချက်များကို သာသနာလုံးဆိုင်ရာ သာသနာပြုအသင်းများ ညွှန်ကြားရေးမှူး ဘုန်းတော်ကြီး ပက်ထရစ်ဘော်ရယ်နှင့် တာဝန်ခံ စစ္စတာရဲ ပင်စီတို့ကပို့ချပေးခဲ့ကြသည်။

တနေ့တာ ကိုယ်တော်မြတ်မင်္ဂလာဖူးခြင်းအစီအစဉ်နှင့် ညနေဖျော်ဖြေရေးအစီအစဉ်တွင် အထူးသာသနာပြုလ ဂုဏ်ပြုသီချင်းအား တေးသရုပ်ဖော်ခြင်းများ၊ အကပဒေသာများ တင်ဆက်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

PMS office

# အထူးသာသနာပြုလ အထိမ်းအမှတ်သီချင်းဆိုပြိုင်ပွဲကျင်းပ




ရန်ကုန်ဂိုဏ်းချုပ်သာသနာ သာသနာပြု ကလေးသူငယ်များအသင်းမှ ကြီးမှူး၍ အထူးသာသနာပြုလ အထိမ်းအမှတ်သီချင်းဆိုပြိုင်ပွဲကို အောက်တိုဘာလ (၂၀) ရက်နေ့၌ သန်လျင်မြို့ရှိ စိန်ဖရန်စစ် ဇေဗီးယား ဘုရားကျောင်းတွင် ပြုလုပ်ခဲ့ သည်။ ရဟန်းမင်းကြီး ပါးပါးဖရန်စစ်၏ အထူး သာသနာပြုလ ရည်ရွယ်ချက်သည် ဆေးကြောခြင်း မင်္ဂလာခံယူစဉ် ပြုခဲ့ကြ သော ကတိသစ္စာများကို ပြန်လည်သတိရ ထောက်ရှုစဉ်းစားကြရန်၊ ဧဝံဂေလိသတင်း ကောင်းကို ဟောကြားရန် စေလွှတ်ခြင်း၌ ရဲဝံ့စွာနှင့် ဆန်းသစ်၍ လန်းဆန်းတက်ကြွ စွာဟောပြော သက်သေခံကြရန် တိုက်တွန်း နှိုးဆော်ထားသည်။

ရန်ကုန် ဂိုဏ်းချုပ်သာသနာ သာသနာပြု ကလေးသူငယ်များအသင်း အနေနှင့် ကလေးသူငယ်များသည် မိမိတို့ကိုယ်တိုင် သာသနာပြုများအဖြစ် သာသနာပြုလုပ်ငန်းတွင် ရဲဝံ့၍ လန်းဆန်းကြွစွာ ပါဝင်ဆက်ကပ်နိုင်ရန်အတွက် ရည်ရွယ်၍ အထူးသာသနာပြုလ သီချင်းပြိုင်ပွဲကို ပြုလုပ်ရခြင်းဖြစ်သည်။



နံနက် (၉) နာရီတွင် အထူးသာသနာပြုလ မဿားတရားတော်မြတ်ကို Fr. Simon Tin Maung မှဦးဆောင်၍ ပူဇော်ပေးခဲ့ပြီး နံနက် (၁၁) နာရီခွဲအချိန်တွင် သင်တို့သည် ဆေးကြောခြင်းမင်္ဂလာခံယူ၍ စေလွှတ်ခြင်းခံရသော သူများဖြစ်သည်။ ဟူသောခေါင်းစဉ်အောက်တွင် Baptised and sent သီချင်းကို ယှဉ်ပြိုင်ခဲ့ကြသည်။ ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ သာသနာ(၂၀) ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

Baptised and sent သီချင်းကို မြန်မာပြည် ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု အသင်းများရုံး (PMS) မှစီစဉ်၍ ဘုန်းမောရစ်(စ်) ညွှန့်ဝေမှ ရေးစပ်သီကုံးထားခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် အမှတ်ပေးဒိုင်များအဖြစ် Fr.B.Ne Ne, Fr. Maurice Nyunt Wai, Fr. Eh Kaw Htoo, Ko Cyril တို့မှ ကူညီပံ့ပိုးပေးသည်။ ပြိုင်ပွဲတွင် ပထမဆုကို စိန်လာဇရုးသာသနာ၊ ဒုတိယဆုကို စိန်ထရေးဇာသာသနာ၊ တတိယဆုကို မင်းပညာရှိ သုံးပါးသာသနာတို့မှ အသီးသီးရရှိခဲ့သည်။

အထူးသာသနာပြုလ၏ မဿား တရားတော်မြတ်နှင့် သီချင်းပြိုင်ပွဲကို ကလေးသူငယ် (၇၀၀) ကျော် တက်ရောက်ခဲ့သည်။

Isabella

# မော်လမြိုင်ဂိုဏ်းအုပ်သာသနာ ကလေးသူငယ်များ အမြင်ဖွင့်သင်တန်း

မော်လမြိုင်ဂိုဏ်းအုပ်သာသနာ၊ သာသနာလုံးဆိုင်ရာ PMS Director Fr. Saw F.Chit Kaung မှဦးဆောင်၍ ၂၀၁၉ အောက်တိုဘာလ (အထူးသာသနာပြုလ) လှုပ်ရှားမှု အနေနှင့် သာသနာပြုကလေးသူငယ်များအား သာသနာပြုခြင်းဆိုင်ရာ သိကောင်းစရာများနှင့် ခေါ်တော်မူခြင်းဆိုင်ရာအသိပညာများ ပို့ချခြင်းရက်တိုသင်တန်းကို အောက်တိုဘာလ (၁၂) ရက်နေ့မှ (၁၄) ရက်နေ့အထိ ကျိုက္ခမီမြို့နယ်ရှိ ယေဇူး၏နာမတော်ဘုရားကျောင်းတွင် ပြုလုပ်ခဲ့သည်။

သင်တန်းပို့ချသူများအဖြစ် Fr. Hubert မျိုးသန့်ဦး၊ Fr. စောချစ်ကောင်း၊ ဦးရေမွန်ဇာနီ၊ စစ္စတာရိုစီလွင်၊ စစ္စတာ ကန်ဒီဒါ ကေသီနိုင်၊ အန်တီန တို့မှပို့ချပေးခဲ့သည်။

မော်လမြိုင်၊ ကျိုက္ခမီ၊ ရေးမြို့ တို့မှ သာသနာပြုကလေးသူငယ် (၁၂၉) ဦးတက်ရောက်ခဲ့သည်။



# "သင်သည် ဆေးကြောခြင်းမင်္ဂလာ ခံယူ၍ စေလွှတ်ခံရသူ ဖြစ်သည်"

၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ဟာ သာသနာပြန့်ပွားရေး တနင်္ဂနွေနေ့ပါ။ ဒီသာသနာပြန့်ပွားရေးတနင်္ဂနွေနေ့ကို ပုပ်ရဟန်းမင်းကြီး ပီးဦး(၁၁) က ၁၉၂၆ ခုနှစ်ကစပြီး သတ်မှတ်ကျင်းပ စေခဲ့ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ သာသနာပြုခြင်းမှာ မိမိတို့ရဲ့ တောင်းဆုနဲ့ ကောင်းမှုများတွေနဲ့ ဆက်ကပ်ပါဝင်ကြဖို့ အတွက် ဖြစ်ပါတယ်။

မျက်မှောက်ခေတ်မှာ 'ရဟန်းမင်းကြီးဆိုင်ရာ ယုံကြည်ခြင်း ပြန့်ပွားရေး အသင်းကြီး' က ကမ္ဘာတဝန်းရှိ အသင်းတော်အသီးသီးတို့က ခုလို သာသနာပြန့်ပွားရေး တနင်္ဂနွေနေ့မှာ ကောက်ခံ စုဆောင်းပြီး ပေးပို့လာကြတဲ့ အလှူတော်ငွေများနဲ့ ဂိုဏ်းချုပ်/အုပ် သာသနာပေါင်း (၁၁၅၀)၊ စာသင်ကျောင်း (၁၉၄၈၅၅) လုံး၊ ဆေးရုံ (၅၂၄၆) လုံး၊ ဆေးပေးခန်း(၁၇၃၃၀)၊ အနာကြီးရောဂါဂေဟာ (၅၇၇)၊ ဘာသာရေးနဲ့ လူမှုရေးဆိုင်ရာ အထွေထွေ လိုအပ်ချက်များ (၈၀၅၆၀)တို့အတွက် ပြန်လည်ပံ့ပိုးကူညီ ပေးလျှက်ရှိပါတယ်။

"သာသနာပြုခြင်း" လို့ ကြားလိုက်ရရင်ဖြင့် စိတ်ထဲကို အရင်ဆုံး ရောက်လာနိုင်တဲ့ အတွေးများကတော့ ဝေးလံလှတဲ့ နယ်မြေများဆီသို့ သွားရောက်ပြီး ဒေသနာတော် ဟောကြားဝေငှခြင်းလို့ ထင်ကြလိမ့်မယ်။ ဒီတာဝန်ကြီးက နိုင်ငံခြားသား သာသနာပြုအသင်းများရဲ့ တာဝန်ပဲလို့ ယူဆချင်ကြလိမ့်မယ်။ ဆရာတော်နဲ့ ဘုန်းတော်ကြီးများ၊ ကိုရင်သီလရှင်များနဲ့ ဓမ္မဆရာ/မများရဲ့အလုပ်ပါလို့ လွဲချ ရုန်းထွက် တတ်ကြလိမ့်မယ်။

ဒီနေ့တော့ သာသနာပြုခြင်းဟာ ခရစ်ယာန် အယောက်စီတိုင်းရဲ့ တာဝန်ဖြစ်တယ်။ "သင်သည် ဆေးကြောခြင်း မင်္ဂလာခံယူ၍ စေလွှတ်ခံရသူဖြစ်သည်။ သာသနာပြုရန် တာဝန်ရှိသည်" ဆိုတာကို ပြန်လည် သတိပြုကြဖို့ ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က တိုက်တွန်း လမ်းညွှန်နေပါတယ်။ အထူးသာသနာပြုလ ဆိုပြီး သတ်မှတ် ကြညာပေးထားတယ်။ ယုံကြည်ခြင်းကို ဝေငှသက်သေခံကြဖို့ ကျွန်တော်တို့အားလုံး ရဲဝံ့ပြီး ထက်သန်သောစိတ် ရှိကြရမယ်။ ခရစ်တော်ဘုရားရှင် တာဝန် အပ်နှင်းထားတဲ့ အမိအသင်းကြီးရဲ့ ပြီးမြောက်ရန် များစွာလိုနေသေးတဲ့ သာသနာပြု လုပ်ငန်းမှာ သစ်လွင်ထိရောက်ပီပြင်တဲ့ ဘဝသက်သေပုံစံများနဲ့ ပါဝင် လုပ်ဆောင်ရင်း လောကကမ္ဘာထံ အသကနဲ့အလင်းကို ဆောင်းကြည်းပေးကြရပါမယ်။

ယုံကြည်ခြင်း ပြန့်ပွားလာအောင် ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ ဘယ်လောက် အရေးကြီးပါသလဲ။ ဥပမာလေးတစ်ခု ပေးချင်တယ်။ သရက်ပင်စိုက်နေတဲ့ အဖိုးအို တစ်ဦးနဲ့ ဆုံမိတော့ မင်းသားလေးက "အဖိုး ဘာလုပ်နေတာလဲ" လို့မေးပါတယ်။ အဖိုးကလည်း "သရက်ပင်စိုက်နေတာပါ မင်းသားလေးရယ်" လို့ ရိုရိုသေသေ ပြန်ဖြေခဲ့တယ်။ မင်းသားလေးက ဆက်ပြီး စပ်စုလိုက်တာက "အဖိုးက အခု အသက်ကြီးနေပြီ။ ခု စိုက်လိုက်တဲ့သရက်ပင်ရဲ့အသီးကို ကိုယ်တိုင် စားရဖို့ကတော့ လုံးဝ အခွင့်အရေး မရှိနိုင်တော့ဘူး။ ဘာကြောင့်များ အပင်ပန်းခံပြီး ခုလိုစိုက်နေရသေးတာလဲ အဖိုးရယ်" လို့ ပြောလိုက်ပါတယ်။ အဖိုးက "အဖိုး ဒီကမ္ဘာကြီးထဲကို ရောက်လာခဲ့ချိန်တုန်းက ဒီကမ္ဘာကြီးမှာ စားပင် သောက်ပင်တွေ အရံသင့်ရှိနေတယ်။ ရှေးလူကြီးတွေ စိုက်ပေးခဲ့ကြလို့ အဖိုးတို့ခေတ် လူတွေက စားခွင့်ရပြီ မြိန်ရည်ယှက်ရည် စားနေကြပြီ။ အခုကျတော့ အဖိုးတို့က ပြန်စိုက်ထားပေးခဲ့ရင် နောက်အသစ်ရောက်ရှိ လာကြမယ့် လူတွေက ဒီစားပင်သောက်ပင်ကနေ စားခွင့် ရကြအုံးမယ်လေ။ ကိုယ်တိုင် စားခွင့်မရှိလည်း မျိုးဆက်သစ်လူတွေက စားသောက်ခွင့်ကို ရရှိနိုင်ကြလိမ့်မယ်ပေ့ါ မင်းသားလေးရယ်။" လို့ ပြုံးပြုံးလေးနဲ့ ပြန်ဖြေကြားလိုက်ပါတယ်။

ဒီဥပမာလေးက ကျွန်တော်တို့ကို ယုံကြည်ခြင်းမျိုးစေ့လေးတွေ ချခဲ့ စိုက်ပျိုးခဲ့ကြဖို့အတွက် လမ်းပြသွန်သင် ပေးနေတာပေ့ါ။ ဒီလူ့လောကကြီးထဲကို မိမိတို့ ရောက်လာခဲ့ချိန်မှာ ရှေးသာသနာပြုများရဲ့ကျေးဇူးတရားကြောင့် ယုံကြည်ခြင်း အမွေကို မိမိတို့ရရှိနေကြတယ်။ မိမိတို့ အလှည့်မှာလည်း အလာတူ ယုံကြည်ခြင်း သစ်ပင်လေးတွေ ပြန်စိုက်ပျိုး ချန်ရစ်စေခြင်းဖြင့် နောင်လာနောက်သားများအတွက် ထာဝရအမွေကို ပေးဆက်နိုင်ကြလိမ့်မယ်။ သစ်ပင်တွေက အသီးအပွင့်တွေ အပြင် အေးမြတဲ့ အရိပ်လည်း ပေးနိုင်သလို မိမိတို့ စိုက်ခဲ့ကြတဲ့ ယုံကြည်ခြင်း သစ်ပင်လေးများကလည်း ချိုမြိန်သော ချစ်ခြင်းမေတ္တာ အသီးများနဲ့ ငြိမ်းအေးသော သမ္မာတရားအရိပ်များပေး ဆက်နိုင်ပါတယ်။ သစ်ပင်တွေ ကင်းမဲ့သွားရင် ကန္တာရတစ်ခုလို ဖြစ်သွားမယ်။

ယုံကြည်ခြင်းကင်းမဲ့ရာ အရပ်မှာ ဒုစရိုက်အမှောင်တွေ ဖုံးလွှမ်းမင်းမူလို့ အန္တရာယ်လည်း ရှိနေပါမယ်။ ဆာလောင်မှုနဲ့ ပူလောင်မှုကို ပြင်းပြစွာခံစားဒုက္ခများလိမ့်မယ်။ ချစ်ခြင်းမေတ္တာအသီးများနဲ့ ဆာလောင်မှုကို ဖြေရှင်းနိုင်ပြီး သမ္မာတရားအရိပ်မှာ တိုးဝင်ခိုလှုံနိုင်ခြင်းဖြင့် ငြိမ်းအေးမှုအပေါင်းကိုခံစားကြည်နူးနိုင်ကြလိမ့်မယ်။ ယုံကြည်ခြင်း သစ်ပင်လေးကို ကိုယ်စီစိုက်ပျိုးကြပါစို့။

Fr. Ne Ne (PMS Director)



အောက်တိုဘာ ၂၇ ရက် နံနက် ၇ နာရီတွင် ပုသိမ်မြို့ စိန်ပီတယ်ကာသီဒြယ်ကျောင်းတွင် ပုသိမ်မြို့ပေါ် ရှိကလေးငယ်များနှင့် ကက်သလစ်ဘော်ဒါကျောင်းများမှ Missionary Childhood Association ( MCA) ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု ကလေးသူငယ်များသည် အဖ ဆရာတော် ဂျွန်မန်းဆိမ်းဟို ပူဇော်သော မစ္ဆားတရားတွင် အားရပါးရ ပါဝင် ဦးဆောင် ပေးခဲ့ကြပါသည်.။ (PTN OSC)



World Mission Sunday အောက်တိုဘာလ ၂၀ ရက် ကမ္ဘာ့သာသနာပြု နေ့တွင် ဟားခါးမြို့ စိန့်ဂျိုးဇက် ကာသီဒြယ် ကျောင်းတော်ကြီး၌ သာသနာပြု ကလေးသူငယ်များ မစ္ဆားတရားတော်မြတ်ကို ဆရာတော်ကြီး လူးချွတ်စ် ဂရေကုန်း မှ ဦးဆောင် ပူဇော် ကျင်းပခဲ့ပါသည်။

(Photo: Ngun Mawi)

# လွိုင်ကော်ကက်သလစ်သာသနာ သမ္မာကျမ်းစာတမန်တော်လုပ်ငန်း (၁၀) နှစ်ပြည့် အထိမ်းအမှတ် ကျေးဇူးတော်ချီးမွမ်းခြင်း



လွိုင်ကော် ကက်သလစ်သာသနာ သမ္မာကျမ်းစာ တမန်တော်လုပ်ငန်း (၁၀) နှစ်ပြည့် အခမ်းအနားကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၅) ရက်နေ့ ည (၇) နာရီအချိန်တွင် အခမ်းအနားကို စတင်ရာ Sr. မြင့်မြင့်နိုင်မှ အဖွင့် ဆုတောင်းမေတ္တာဖြင့် အစပြုပါသည်။

လွိုင်ကော် ကက်သလစ်သာသနာ ဆရာတော်စတီဗင်ဂျေးဖဲက သမ္မာကျမ်းစာ အဖွဲ့သားများအားခွန်အားပေးစကားပြောကြားပြီး ဆရာတော်ဆိုတေးရှိ (ငြိမ်း) ကသြဝါဒမိန့်ကြားပါသည်။

၎င်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာတမန်တော်လုပ်ငန်းတာဝန်ခံ Fr. Saw Boscoက သမ္မာကျမ်းစာတမန်တော်လုပ်ငန်းနှင့် စပ်လျဉ်းသည်များကိုပြောကြားသွားပြီး လွိုင်ကော်သာသနာသမ္မာကျမ်းစာ တာဝန်ခံ Fr. Mauriceမှ လွိုင်ကော်သာသနာ သမ္မာကျမ်းစာ တမန်တော်လုပ်ငန်း သမိုင်းအကျဉ်းကိုဖတ်ကြားပါသည်။

သမ္မာကျမ်းစာ ရေးဖြေပြိုင်ပွဲတွင် ဆုရသူများကိုဆုချီးမြှင့်ပြီးသရုပ်ဖော်အကနှင့်သီချင်းများတင်ဆက်ကပြကြပါသည်။

အစီအစဉ်အပြီးတွင်ဆရာတော်များထံမှ ကောင်းချီးမင်္ဂလာခံယူကာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

### လွိုင်ကော်ကက်သလစ်သာသနာ သမ္မာကျမ်းစာ တမန်တော်လုပ်ငန်း သမိုင်း အကျဉ်း

**နိဒါန်း**

သမ္မာကျမ်းစာ တမန်တော်လုပ်ငန်းသည်သမ္မာကျမ်းစာကို အခြေပြုသောလုပ်ငန်းဖြစ်သည်။ ကျမ်းစာကို မည်ကဲ့သို့အသုံးပြုရမည့်အကြောင်း လမ်းညွှန်မှုပေးကာခွန်အားပေးသော တမန်တော်လုပ်ငန်း ဖြစ်သည်။

တစ်ချိန်က ကျမ်းစာဖတ်ရှုခြင်းကို ကန့်သတ်ထားသော ကက်သလစ်အသင်းတော်သည် ယခုအခါ သမ္မာကျမ်းစာကို ကိုယ်တော်မြတ်ကဲ့သို့ တန်းတူအရေးကြီးကြောင်း သိရှိလာစေရန်နှင့် သမ္မာကျမ်းစာကိုပို၍ တန်ဖိုးထား ဖတ်ရှုလေ့လာနိုင်စေရန်ရည်ရွယ်၍ သမ္မာကျမ်းစာ တမန်တော်လုပ်ငန်းဟူ၍ ပေါ်ပေါက်လာသည်။

**သမိုင်းအကျဉ်း**

သမ္မာကျမ်းစာတမန်တော်လုပ်ငန်းဆိုင်ရာအဖွဲ့အစည်းကို ၁၉၆၉ ခုနှစ်တွင် စတင်တည်ထောင်ပြီး (WCFBA) ကမ္ဘာ့ကက်သလစ် သမ္မာကျမ်းစာတော်မြတ်ဒေသအဖွဲ့အစည်းဟုခေါ်သည်။

ထို့နောက်(၁၉၉၀) ခုနှစ်တွင် ၎င်းအဖွဲ့အစည်းကို CBF (Catholic Biblical Federation) ဟုပြောင်းလဲခေါ်ဆိုခဲ့သည်။

ကမ္ဘာပေါ်တွင် နိုင်ငံ (၁၂၇) နိုင်ငံပါဝင်၍ အသင်းအဖွဲ့ပေါင်း (၃၁၉) ခုဖြင့်ဖွဲ့စည်းထားပြီးဒေသခွဲများအဖြစ်လည်းထပ်မံပိုင်းခြားဖွဲ့စည်းခဲ့သည်။

၁၉၉၄ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် (CBCM)သည် အဖွဲ့ဝင်ဖြစ်လာပြီး ဆရာတော်ဆိုတေးရှိဖားမောအား သမ္မာကျမ်းစာတော်မြတ်ဆိုင်ရာ ကော်မရှင်အတွက်မြန်မာနိုင်ငံလုံးဆိုင်ရာ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

၂၀၀၈ ခုနှစ် ဧပြီလ (၂) ရက်နေ့မှ (၅) ရက်နေ့အထိ ကိုလံဘန် Sr. Tammy Saberon ဦးဆောင်သောအဖွဲ့က လွိုင်ကော်သာသနာသို့ ပထမအကြိမ် BBS သင်တန်းကို လာရောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့နောက် ၂၀၀၉ ခုနှစ် မေလ(၁၆) ရက်တွင် လွိုင်ကော်သာသနာအတွက်Core Team အဖွဲ့ကို မန္တလေးချမ်းသာကုန်း၌ CTFW သင်တန်းအပြီးတွင်စတင်၍ ဖွဲ့စည်းနိုင်ခဲ့သည်။

ထိုအချိန်မှစ၍ လွိုင်ကော်သာသနာအတွက် သမ္မာကျမ်းစာတမန်တော်လုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့ပါသည်။

ပထမဦးဆုံး လွိုင်ကော်သာသနာ Core Team အဖွဲ့ပထမဦးဆုံး Core Team အဖွဲ့ဝင်များမှာ Fr. လွီးစ်မောရစ်၊ Fr. အယ်ဖောင်းဆိုသားအီ၊ Sr. ဗီဂျီးနီယာ လေးလေးဝင်း၊ Sr. မေရီစိန်၊ Sr. မအုံး၊ ဒေါ်နန်းမူဇော်၊ ဒေါ်သဲမာ၊ ဦးအီညားရှုအီ တို့ဖြစ်သည်။

တဖန်တချို့ပြောင်းရွှေ့မှုကြောင့် Fr. ရှိဘဲတို တင်အောင်၊ Sr မာဒလေးနာလှချေးမိုး၊ Sr ဘက်နဒက်ယဉ်ယဉ်အေး၊ Sr. ထရေးဇာ မြင့်မြင့်နိုင်၊ Sr. မာတလေးနာခင်ဆက်၊ Sr. အက်စတာဇင်မာဦး၊ ဦးချာလီ၊ ဦးအာဘဲတို၊ ဦးအလေးရှုဆားတို့ Core Team အဖွဲ့ဝင် အဖြစ်ပါဝင်လာကြပါသည်။

ဆက်လက်၍ ၂၀၁၉ ခုနှစ်အောက်တိုဘာလ (၁၀) ရက် နံနက် (၆) နာရီအချိန်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာတမန်တော်လုပ်ငန်း နာယက ဂိုဏ်းချုပ်ဆရာတော်ကြီး Basilio Athai ဦးဆောင်ပြီး ကျေးဇူးတော်ချီးမွမ်းခြင်း မစ္ဆားတရားတော်ကို ကျင်းပခဲ့ပါသည်။

မစ္ဆားတရားတော်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ သာသနာအသီးသီးမှ ကိုယ်စားလှယ်များ လွိုင်ကော်မြို့ပေါ်ရှိ ဘာသာတူများပါဝင်ပူဇော်ကြပါသည်။

### ဆရာတော်ကြီး Basilio Athai ဟောကြားသော ဓမ္မဒေသနာ (ကောက်နုတ် ချက်)

သမ္မာကျမ်းစာတမန်တော်လုပ်ငန်း ဆယ်စုနှစ်တစ်ခု ကျော်ဖြတ်ခဲ့တယ် ဘာသာတရားအလုပ်ဆိုတာ ကုသိုလ်ဖြစ် လုပ်ရတဲ့အလုပ်ဖြစ်တယ်သမ္မာကျမ်းစာအလုပ်ဆိုတာပရဟိတ အလုပ်ဖြစ်တယ်။

ဒါပေမယ့်သမ္မာကျမ်းစာလုပ်တဲ့အချိန်မှာပရရော အတ္တရော အကျိုးနှစ်ဖြာလုံးကိုရတယ်ဆိုတာတွေ့မြင်လာတယ်။

ပရဟိတ ကုသိုလ်ဖြစ် ဆိုတာ ကြောင့်မို့လို့ လုပ်ဆောင်မှုအတွက်ဘာမျှော်လင့်ချက်မှထားပိုင်ခွင့်မရှိဘူးဆိုတာလည်းနားလည်ဖို့လိုတယ် ဒီကနေ့ ကျမ်းစာကျွန်တော်တို့ကို ရှင်းပြထားတယ်။ ကုသိုလ်ယူနည်းကိုသင်ပြထားတယ်။

သခင်ယေရှုး ရှင်းပြတယ် လယ်လုပ်ရာကပြန်လာတဲ့ အစေခံကျွန် တစ်ယောက်။ အိမ်ကိုရောက်တဲ့အခါမှာအိမ်မှာအငြိမ့်သား ထိုင်နေတဲ့သခင်ကို မောပြီလို့ပြောလို့မရဘူး။သခင်ခိုင်းရာကို လုပ်ဆောင်ပေးရမှာဖြစ်တယ်။

အဲဒီလိုဘဲသခင်ရဲ့အလိုကိုပြုစုပြီးတဲ့နောက်မှာ ဘာမှမျှော်လင့်ချက်ထားလို့မရဘူး။ အလုပ်ပြီးတယ်ဆိုတဲ့ သဘောဘဲသတ်မှတ်ရမယ်။ တနည်းအားဖြင့် အဲဒီခေတ်ခါတုံးက ကျေးကျွန်စနစ်မှာ အစေခံရဲ့ခံယူချက်မျိုးထားပြီးတော့လုပ်ရတယ်။

အစေခံတောင်မှ ကျမ်းစာကပြောတယ်။ မထိုက်တန်သောအစေခံတဲ့။ ဘုရားနဲ့မထိုက်တန်ပါဘူး ကိုယ်တော်ရှင် ပေးသနားလို့ဒုက္ခခံပြီး လုပ်ဆောင်ခွင့် ရခဲ့တယ်။ အဲဒီစိတ်ထားနဲ့လုပ်ဆောင်ရတယ်။ မထိုက်တန်တဲ့အစေခံ။ ဒါကြောင့် တမန်တော်လုပ်ငန်း ဘုရားတရားလုပ်ငန်း လုပ်ဆောင်တဲ့အခါမှာ အချီးမွမ်းခံဖို့ဆိုတာသိပ်ဝေးတယ်လူများသိပ်ချီးမွမ်းလေ့မရှိဘူး။ ကျေးဇူးတင်ခံဖို့ဆိုတာကတော့ တွေးမနေနဲ့တော့။ လုပ်ဆောင်နေကျ လူတွေသိတယ် အိမ်ပြန်ရောက်လည်းအိမ်ကအဆူ ခံရရုံဘဲရှိတယ်။ ဘယ်မှာလဲချီးမွမ်းစကား။ မရှိဘူး။ အတုံ့အလှည့်တွက်လို့မရဘူး။ကျွန်တော်တို့လုပ်နေတာ တာဝန်ရှိလို့ လုပ်တာထက် တာဝန်သိလို့ လုပ်နေကြတာ။

We are doing without counting the cost.
We are doing without the expecting the reward.

ကုသိုလ်ဖြစ်ဘဲ အကုန်အကျတွက်လို့မရဘူး ဆုလာဘ်မျှော်လို့မရဘူး အချီးမွမ်းခံချင်တဲ့စိတ်နဲ့ လုပ်နေတာမဟုတ်ဘူး။ ဆိုတာသိတယ်။ ဘေးကနေ ကြည့်တော့သနားစရာ ကောင်းတယ် ကိုယ့်စရိတ်နဲ့ကိုယ်သင်တန်းလာ တက်တယ်။ ပေးဆပ်တာ။ ပေးရတဲ့အလုပ်မှာ ပေးဆပ်နေရတာကိုပျော်နေကြတာသမ္မာကျမ်းစာအလုပ်ကိုလုပ်ချင်တဲ့သူတွေ သဒ္ဓါတရားထက်ထက်နဲ့လုပ်ဆောင်နေတဲ့ အရာမှန်သမျှ သာတာနာတာတွေကို မစဉ်းစားကြဘူး။ ရသလားမြတ်သလားမစဉ်းစားဘူး။ ဒါကြောင့်မို့ လို့ဒါနပီတိဆိုတာ ဆိုင်သူတွေသာ သိမှာပါမဆိုင်တဲ့သူတွေမသိစတမ်း။ ယုံကြည်ခြင်းဆိုတာအကြီးကြီး မလိုပါဘူး မုန်ညှင်းစေ့လောက်ဆိုတော်ပါပြီ။

ဒါကြောင့်မို့လို့လည်း ဒါနပီတိကိုလုပ်နေတဲ့သူတွေကသာ သိကြတယ်လုပ်နေတဲ့သူတွေကသာ ရနေကြတာ မလုပ်သေးတဲ့ သူတွေအတွက် မရသေးတာသေချာတယ်။ ဝင်လုပ်ကြည့်မှ ခံစားရမယ့်ကုသိုလ်။ ကိုယ့်ဘဝကို အထောက်အကူအပြုဆုံးဟာ ကျမ်းစာဘဲ။ ပြဿနာပေါင်းစုံကိုကျမ်းစာနဲ့ဖြေရှင်းလိုက်ပါ။ ကျမ်းစာကို အမြတ်တနိုးနဲ့ ဖတ်ကြပါ။ သဒ္ဓါစိတ်နဲ့ လုပ်ဆောင်ကြပါ။ စေတနာ စိတ်နဲ့ကြိုးစားကြပါ။ ဒါနပီတိဆိုတာ ဆိုင်သူသာ သိတဲ့အလုပ်။ ဟု မြွက်ကြားခဲ့သည်။

U Sai Sheng



# ပဲခူးရိုးမပေါ်က ကျောက်ဖြူမယ်တော် ငွေရတုပွဲတော်ဆီသို့

ရှည်လျားသော သမိုင်းနောက်ခံများနှင့် အမျိုးစုံသော ခရီးလမ်းပုံစံများကြောင့် ကက်သလစ်ဘုရားဖူး သူတော်စင်များအကြား စိတ်ဝင်စားမှု မြင့်တက်လာသည့် ပဲခူးရိုးမပေါ်က ကျောက်ဖြူ မယ်တော်၏ ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁၈ နှင့် ၁၉ ရက်များတွင် ကျင်းပမည့် ငွေရတုပွဲတော်သည် ကျွန်ုပ်တို့ကို စောင့်ကြိုနေပြီဖြစ်ပါသည်။

"မယ်တော်စင်" ဟု ကက်သလစ်ခရစ်ယာန် မဟုတ်သော ဒေသခံများအကြား လူသိများပြီး ထူးဆန်းသော ကုသခြင်းများနှင့် အခြားသော ကျေးဇူးတော်များ ရရှိခံစားရသည်ဟု လက်ခံယုံကြည်နေကြသည်မှာ ကျောက်ဖြူမယ်တော်၏ စိတ်ဝင်စားစရာ တစ်ခုပင် ဖြစ်ပါသည်။

၁၉၆၀ ခုနှစ်ခန့်က သာသနာပြုပြင်သစ် ဘုန်းတော်ကြီးများ၏ လမ်းညွှန်မှုများဖြင့် ကျောက်ဖြူရွာ၏ အနီးအနား တစ်နေရာတွင် တစ်ပေခန့်ရှိသည့် မယ်တော် ဆင်းတုကို လေးတိုင်ထောက်၊ ဓနိမိုးစင်လေးဖြင့် စတင်ရာမှ မယ်တော်စင်လေး စတင်ဖြစ် ပေါ်ခဲ့သည် ဟု သိရသည်။ သို့သော် မည်သည့်အချိန်တွင်မည်သူက တည်ဆောက်ခဲ့သည်ကိုမူ တိကျစွာ မသိရပါ။

၁၉၇၄ ခုနှစ် နယ်မြေ မငြိမ်သက်ခြင်းကြောင့် အစိုးရက ပုဒ်မ ၁၄၄ ထုတ်ကာ ဖြတ်လေးဖြတ် စစ်ဆင်ရေး ဆင်နွှဲခဲ့ခြင်းကြောင့် တောင်ပေါ်ရှိ ကျေးရွာများ မြေပြန့်သို့ ဆင်းကာ ရွာသစ် တည်ကြရပါသည်။ လူ သူကင်းမဲ့သည့် မယ်တော်စင်လေးသည် တောမီးများ လောင်ကျွမ်းသော်လည်း မီးမသင့်ခဲ့ပေ။ သို့သော် သစ်ပင် ချုံနွယ်များအောက်တွင်ဖုံးကွယ်နေခဲ့သည်။ ထို့ကြောင့် မယ်တော် ဆင်းတုလေးနှင့် မယ်တော်စင်အား လူများ မတွေ့မြင်နိုင်ခဲ့ကြပါ။

၁၉၉၃ သစ်ထုတ်လုပ်ရေးမှ လမ်းရှင်းသည့်အခါ၌ မယ်တော်စင်လေးသည်လည်း ရှင်းလင်း ခံရကာ ပျောက်လုနီးပါး ဖြစ်ခဲ့ရသည်။ သို့ သော် မယ်တော်စင်အား ဖျက်စီး မပစ်ဘဲ ဆက်လက် ထားရှိခဲ့ပြီး



မူလ မယ်တော်စင်မှ
တစ်တိုင်တည်းသာ ကျန်ခဲ့သည့် တိုင်



နောက်ပိုင်းမှ တည်ဆောက်ခဲ့သော မယ်တော်ဂူ

၁၉၉၆ ခုနှစ်က တည်ဆောက်ခဲ့သော ဗိမာန်

တောထဲသို့ ဝင်ထွက်သွားလာသူများ အားလုံးသည် စဉ်ဆက်မပြတ် မယ်တော်စင်ကို ဂါရဝပြု ဆုတောင်းနေဆဲဖြစ်သည်။ သို့သော် ကက်သလစ် ခရစ်ယာန်များ မပါဝင်သောကြောင့် သူတို့အရိုအသေပေး ဂါရဝပြုနေသော ဆင်းတုမှာ မယ်တော် မာရီယား ဆင်းတုဟု မည်သူမျှ မသိခဲ့ကြပါ။

ထိုဆင်းတုလေးရှေ့တွင် ဂါရဝပြု ဆုတောင်းခြင်းကြောင့် ဘေးအန္တရာယ်များမှ လွတ်ကင်းခြင်း၊ ရောဂါဝေဒနာများ၊ ဖျားနာခြင်းတို့မှ ပျောက်ကင်း သက်သာခြင်းစသည့် ကျေးဇူးများခံစားရကြောင်း သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးခဲ့ကြသည်။

မယ်တော်စင်လေးမှာ တောကြီးမျက်မည်းထဲတွင် အန္တရာယ်များ အကြားလှုပ်ရှား ရုန်းကန်ရသူတို့အတွက် အမှန် တကယ်ပင် အားကိုးအားထားရာ ဖြစ်ခဲ့သည်။

၁၉၉၆ ခုနှစ်ရောက်သည့်အခါ၌ ရိုးမတောအတွင်း သစ်သယ်ယာဉ်မောင်းဖြစ်သော ဦးတင်အုန်း (ဟိန္ဒူဘာသာဝင်) ဦးဆောင်ကာ အဖွဲ့သားများ စုပေါင်းလှူဒါန်း၍ အုတ်ခုံခံ မယ်တော် ဗိမ္မာန်တည်ကာ မယ်တော်ပွဲကိုလည်း အကြိမ်ရေတွက်ကာ ကျင်းပလာသည့် ပွဲသည် ယနေ့ (၂၅) နှစ်ပြည့်ကာ ငွေရတု တိုင်ခဲ့ပြီဖြစ်သည်။

ထိုသို့ လှူဒါန်းရခြင်းမှာလည်း ရိုးမတောထဲ၌ မိမိတို့ယာဉ်များ စက် ချွတ်ယွင်းမှုကြုံတွေ့ရသည့်အချိန် မယ်တော်စင် သို့သွားကာ ဆုတောင်း၍ အကူအညီရရှိသည့်အတွက် ကျေးဇူးတင်ခြင်းဆပ်တင်ကာ လှူဒါန်းရခြင်းပင်ဖြစ်သည်။

ဤ ၂၅ နှစ်တာအတွင်း မူလကရှိသော မယ်တော်၏ ဆင်းတုမှာ ပျောက်သွားခဲ့သည်။ မယ်တော် ရုပ်တု ပျောက်သွားသော်လည်း မယ်တော်စင်သည် တန်ခိုးရှိသည်ဟူသော ယုံကြည်ချက်ဖြင့် မယ်တော်စင်ဆောက်လုပ်ထားသော သစ်သားစများကို ဖဲ့ယူကာ ဆေးအဖြစ် သုံးဆောင်ခဲ့ကြသည်ဟု ဒေသခံများထံမှ သိရသည်။ ထို့ကြောင့် မူလ တည်ဆောက်ခဲ့သော မယ်တော်စင်မှာ သစ်သားတိုင် တစ်တိုင်သာ ကျန်ရှိတော့သည်။ လွန်ခဲ့သည့် ၂၅ နှစ်တာအတွင်း ဘုန်းတော်ကြီးများ၏ ကြိုးစားမှု၊ မယ်တော်အား ကြည်ညိုသူများ၏ ရက်ရောခြင်းတို့ကြောင့် မယ်တော်စင်မှာ သပ္ပာယ်လာကာ လူအများ မယ်တော်အား ချီးမွမ်းရာ




နေရာတစ်ခု ဖြစ်လာခဲ့သည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သော ၂၄ ကြိမ်မြောက် မယ်တော်ပွဲသို့ ပွဲလာဧည့်သည် ၁၀၀၀ ကျော် ပါဝင်ဆုတောင်းခဲ့ကြသည်။

"မယ်တော်စင်" ရှိရာ ကျောက်ဖြူမယ်တော်ပွဲကို လာရောက်ပါက ကြို့ပင်ကောက်၊ ဇီးကုန်းမှ တဆင့် ဘောဘင်ဆည်အထိ ကားဖြင့်သွားရပြီး ဘောဘင်ဆည်မှ တစ်နာရီခန့် ပဲ့ထောင်စီးရသည်။ ထို့နောက် ၃ မိုင်ခန့် ခရီးကို လမ်းလျှောက်သွားရသည်။

ကားစီး၍တစ်ဖုံ၊ ရေလမ်းခရီး ဖြင့် တကြောင်း ခြေလျင်ခရီးပါမကျန် သွားလာရသောကြောင့် ဒါဏ်ဆပ်ဖြေခြင်း၊ ကျေးဇူးဆပ်တင်ခြင်း တို့ဖြင့် စုံလင်သော အရသာကို ဖြစ်ပေါ်စေမည့် ဘုရားဖူး ခရီးစဉ် တစ်ခု အမှန်တကယ် ဖြစ်ပါလိမ့်မည်။

ငွေရတု မယ်တော့် ဂျူဘီလီ၌ ကျောက်ဖြူ (၂) ဘုရားကျောင်းသစ် ရေစက်ချခြင်း၊ မယ်တော်ငွေရတု မဏ္ဍားတရားတော်မြတ်နှင့်အတူ ကလေးငယ်များ၏ခရစ္စမားအားပေးခြင်း မင်္ဂလာခံယူခြင်း၊ မယ်တော် စီတန်းလှည့်လည်ခြင်းများ၊ စိပ် ပုတီးစိပ်ခြင်းများဖြင့် တရားဘာဝနာပွားကာ လူမှုဝန်းကျင်မှ ခေတ္တအဆက်အသွယ်ဖြတ် ၍ သဘာဝတော်တောင်၌ ခွန်အားသစ်ယူ နိုင်ကြရန်တိုက်တွန်း နှိုးဆော်ပါသည်။

ပွဲတော် အစီအစဉ်များ အသေးစိတ်ကို ထပ်မံထုတ်ပြန်ပါမည်။

Mary Vontawi

ခေတ္တ-ကျောက်ဖြူရွာသစ်



ဘောဘင်ဆည် (ပဲ့ထောင်စတင်စီးရသည့် နေရာ)

# မြန်မာပြည် သာသနာ အသီးသီးမှ ဘုန်းတော်ကြီးများ နှစ်ပတ်လည် ဝတ်စောင့်ခြင်း အပြီးတွင် တွေ့ရစဉ်


ရန်ကုန် ဂိုဏ်းချုပ်သာသနာ ၊ ၁၆-၂၀ စက်တင်ဘာ ၂၀၁၉


လားရှိုး ဂိုဏ်းအုပ်သာသနာ ၊ ၇ - ၁၂ အောက်တိုဘာ ၂၀၁၉


ပြည် ဂိုဏ်းအုပ်သာသနာ ၊ ၂၄ - ၂၈ စက်တင်ဘာ ၂၀၁၉


ပုသိမ် ဂိုဏ်းအုပ်သာသနာ ၊ ၂၁ -၂၅ အောက်တိုဘာ ၂၀၁၉

# ဖါသာရ် ဘရိုင်ယန် ဗညား စီစဉ်ထုတ်လုပ်သော "အချိန်တိုင်း (All the Time)" မမွတေး အယ်ဘမ်




(တေးဆို) L ဆန်ဂျာ (စီစဉ်သူ) Fr. ဗညား (တေးရေး) ဆမ်ဆန်